# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကမ်းတစ်ဖက်သို့ ရောက်ကုန်**

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒိစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၈၆)


၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက် | ၂၀၂၅ ခုနှစ်၊ ဩဂုတ် ၉ ရက်၊ စနေနေ့ | အတွဲ (၆၄)၊ အမှတ်(၃၀၉)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေ ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် ရန်ကုန်မြို့အခြေစိုက်သံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများက လက်မှတ်ရေးထိုး

နေပြည်တော် ဩဂုတ် ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ဩဂုတ် ၇ ရက်တွင်ကွယ်လွန်ခဲ့သည့်အတွက် ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်ကို ရန်ကုန်မြို့၊ စကားဝါလမ်းရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ဩဂုတ် ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားရာ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများက ဝမ်းနည်းကြောင်း လာရောက်လက်မှတ်ရေးထိုးခဲ့ကြသည်။

ယနေ့တွင် မြန်မာနိုင်ငံဆိုင်ရာ သံရုံးအကြီးအကဲများဖြစ်သည့် နီပေါသံအမတ်ကြီး H.E. Mr. Harishchandra Ghimire၊ ထိုင်းသံအမတ်ကြီး H.E. Mr. Mogkol Visitstump၊ ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီး Dr. Md. Monwar Hossain၊ ဘရာဇီးသံအမတ်ကြီး

*စာမျက်နှာ ၃ ကော်လံ ၁* ❑




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေ ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယ သံအမတ်ကြီး H.E. Mr. Abhay Thakur လက်မှတ်ရေးထိုးစဉ်။

# စလင်းမြို့နယ်၌ ၂၀၂၅ ခုနှစ် ချည်မျှင်ရှည်ဝါကေပေါင်း ၁၆၁၄၀ ကျော် စိုက်ပျိုးပြီးစီး



စလင်း ဩဂုတ် ၈

စလင်းမြို့နယ်၌ ၂၀၂၅ ခုနှစ်၌ ယနေ့အထိ မိုးဦးချည်မျှင် ရှည်ဝါနှင့် မိုးနှောင်းချည်မျှင်ရှည်ဝါဧက ၁၆၁၄၀ ကို စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်မြေစာရင်းဦးစီးဌာနမှ သိရသည်။

စလင်းမြို့နယ်အတွင်းရှိ ဒေသခံတောင်သူအများစုသည် မိရိုးဖလာအလုပ်တောင်သူလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြရာ နွေစပါး၊ မိုးစပါးနှင့် ဆီထွက်သီးနှံ မြေပဲ၊ နေကြာ၊ ပဲမျိုးစုံနှင့် ဝါများကို စိုက်ပျိုးလုပ်ကိုင်လျက်ရှိရာ ပြီးခဲ့သည့် ၂၀၂၄ ခုနှစ် စိုက်ပျိုးရာသီ၌ ဒေသခံတောင်သူများ ဝါအထွက်နှုန်းကောင်းပြီး ဝါဈေးကွက်များ ရကြ၍

*စာမျက်နှာ ၄ ကော်လံ ၁* ❍


**ယနေ့ သတင်းအညွှန်း**

**နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ လူငယ်များ ဘဝမြှင့်ကြစို့ ...**
ဆောင်းပါး | စာ > ၆

**ထိုင်းနိုင်ငံတွင် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် ထုတ်ပေးလျက်ရှိ**
ပြည်တွင်းသတင်း | စာ > ၁၂

**တစ်ကမ္ဘာလုံးဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု ရန်ပုံငွေပြတ်တောက်မှုနှင့်ပတ်သက်၍ ကုလသမဂ္ဂက သတိပေးချက်ထုတ်ပြန်**
နိုင်ငံတကာသတင်း | စာ > ၁၄

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်း



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် အဘ ဦးကြီးမောင်၊ အမိ ဒေါ်ကြည် တို့မှ မန္တလေးမြို့၌ ၁၉၅၁ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့တွင် မွေးဖွားခဲ့ပြီး ၁၉၆၉ ခုနှစ်တွင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၅)သို့ တက်ရောက်၍ ၁၉၇၃ ခုနှစ်တွင် ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။

ထို့နောက် တာဝန်ကျရာတပ်ဌာနချုပ်အသီးသီးတွင် ပေးအပ်သည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ပြီး ၁၉၉၈ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ်တွင် တပ်မမှူး တာဝန်နှင့် စစ်ဦးစီးဗိုလ်မှူးချုပ်တာဝန်အား တွဲဖက်၍လည်းကောင်း၊ ၂၀၀၁ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တွင် တိုင်းမှူး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တွင် တိုင်းမှူးအဖြစ်လည်းကောင်း၊ ၂၀၀၄ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် တာဝန်နှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတာဝန်အား တွဲဖက်၍လည်းကောင်း၊ ၂၀၀၆ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ အမှတ်(၅) စစ်ဆင်ရေးအထူးအဖွဲ့မှူးအဖြစ်လည်းကောင်း အဆင့်ဆင့်တာဝန်ထမ်းဆောင်ခဲ့သည်။

ထို့ပြင် ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ပထမလွှတ်တော်သက်တမ်းကာလတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်တာဝန်ကိုလည်းကောင်း၊ ၂၀၁၆ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ဒုတိယလွှတ်တော်သက်တမ်းကာလတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၊ ဒုတိယသမ္မတ(၁)တာဝန်ကိုလည်းကောင်း၊ ၂၀၂၁ ခုနှစ်၊ နိုင်ငံတော်အား အရေးပေါ်အခြေအနေကြေညာထားသည့်ကာလမှ ကွယ်လွန်ချိန်အထိ ယာယီသမ္မတတာဝန်ကိုလည်းကောင်း ထမ်းဆောင်နိုင်ခဲ့သည်။ ထိုသို့ တပ်မတော်၊ နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားအတွက် ကိုယ်ကျိုးမဖက် နေ့မအား ညမနား စွမ်းစွမ်းတမံကြိုးပမ်းထမ်းဆောင်ခဲ့သည့်အတွက် နိုင်ငံတော်စစ်မှုထမ်းတံဆိပ်၊ ပြည်သူ့စစ် တိုက်ပွဲဝင်တံဆိပ်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတံဆိပ်၊ မိုင်းယန်း/မဲသဝေါ တံဆိပ်၊ စစ်မှုထမ်းကောင်းတံဆိပ်၊ သင်္ဂဟတံဆိပ်၊ သရေစည်သူဘွဲ့၊ သတိုးသီရိသုဓမ္မဘွဲ့၊ သတိုးမဟာ သရေစည်သူဘွဲ့များကို ထိုက်တန်စွာချီးမြှင့်ခြင်း ခံခဲ့ရသည်။ ၎င်းအပြင် အစိုးရအဆက်ဆက် အမျိုး၊ ဘာသာ၊ သာသနာအတွက် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည့် မြောက်မြားစွာသောကော်မတီအရပ်ရပ်တွင်လည်း ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့သူဖြစ်သည်။

ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်ခင်သက်ဌေး၊ သမီး ဒေါ်ခင်သက်ထားဆွေနှင့် သား ဗိုလ်ကြီး ကျော်ဘုန်းမြင့် (ငြိမ်း)တို့ ကျန်ရစ်ခဲ့သည်။ ယာယီသမ္မတ ဦးမြင့်ဆွေ၏ ဈာပနအား ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်နေ့တွင် နိုင်ငံတော်ဈာပနအခမ်းအနားဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

သတင်းစဉ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေ ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် နီပေါသံအမတ်ကြီး H.E. Mr. Harishchandra Ghimire လက်မှတ်ရေးထိုးစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေ ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် ထိုင်းသံအမတ်ကြီး H.E. Mr. Mogkol Visitstump လက်မှတ်ရေးထိုးစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေ ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် ယူအေအီးသံအမတ်ကြီး H.E. Mr. Mutaz Abdullah Abduljaleel Mohamed Al Faheem လက်မှတ်ရေးထိုးစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေ ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် လာအိုသံအမတ်ကြီး H.E. Mr. Bounphieng CHAN-THAVONG လက်မှတ်ရေးထိုးစဉ်။

❑ *ရှေ့ဖုံးမှ*

H.E. Mr. Gustavo Rocha de Menezes ၊ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur ၊ ယူအေအီးသံအမတ်ကြီး H.E. Mr. Mutaz Abdullah Abduljaleel Mohamed Al Faheem ၊ တရုတ်သံအမတ်ကြီး H.E. Ms. Ma Jia၊ ကမ္ဘောဒီးယား သံအမတ်ကြီး H.E. Mr. CHENG Manith ၊ လာအိုသံအမတ်ကြီး H.E. Mr. Bounphieng CHANTHAVONG နှင့် အစ္စရေးသံရုံး ယာယီတာဝန်ခံ Mrs. Ruth Zakh၊ တီမောလက်စ်တေ သံရုံးယာယီတာဝန်ခံ Mr. Olandino Rui de Andrade နှင့် ဟိုလီဆီးသံရုံး ယာယီတာဝန်ခံ၏ ကိုယ်စားလှယ် Fr. Hilary တို့က ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် လာရောက်လက်မှတ်ရေးထိုးခဲ့ကြသည်။

ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် လာရောက်လက်မှတ်ရေးထိုးသော သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများကို နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများက ယာယီသမ္မတဦးမြင့်ဆွေ ကွယ်လွန်ခဲ့ခြင်းအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူများ၊ ကျန်ရစ်သူမိသားစုသို့ ဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားပါကြောင်း သတင်းစကားများ ပြောကြားခဲ့ပြီး ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေ ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် အစ္စရေးသံရုံး ယာယီတာဝန်ခံ Mrs. Ruth Zakh လက်မှတ်ရေးထိုးစဉ်။

# ပြန်ကြားရေးဝန်ကြီးဌာန ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သူ ဝန်ထမ်းများ၏ သားသမီးများအား ဂုဏ်ပြုချီးမြှင့်

## ကျောင်းသား ကျောင်းသူများအနေဖြင့် ထူးချွန်ထက်မြက်သည့် ပညာတတ်လူငယ်များဖြစ်လာစေရန် ကြိုးစားကြစေလို

**နေပြည်တော် ဩဂုတ် ၈**

ပြန်ကြားရေးဝန်ကြီးဌာန ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သူ ဝန်ထမ်းများ၏ သားသမီးများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးရုံးရှေ့ ယာယီခန်းမ၌ ကျင်းပသည်။**(ယာပုံ)**



အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်ဇနီး၊ ဒုတိယဝန်ကြီး ဦးရဲတင့်နှင့်ဇနီး၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများက "မြန်မာ့ကျောင်း" အဖွင့်သီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့" မှတ်တမ်းဗီဒီယိုကို ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ကျောင်းသား လူငယ်များသည် အနာဂတ်တွင် တိုင်းပြည်အတွက် အရေးကြီးဆုံး အခန်းကဏ္ဍမှ ပါဝင်ကြောင်း၊ ကျောင်းသားကျောင်းသူများအနေဖြင့် ထူးချွန်ထက်မြက်သည့် ပညာတတ်လူငယ်များဖြစ်လာစေရန် ကြိုးစားကြစေလိုကြောင်း၊ မိမိဘဝအနာဂတ်လှပစေရန် ကိုယ့်ကိုယ်ကိုယ် ထိန်းကျောင်းပြီး မိမိ မိသားစု၊ မိမိရပ်ရွာ၊ မိမိနိုင်ငံက ဂုဏ်ယူလေးစားတန်ဖိုးထားရသည့် နိုင်ငံ့သားကောင်းရတနာများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် မောင်ကောင်းခန့်ဂျွန်နှင့် မလင်းလင်းထက်တို့ကို ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၏ဇနီးက လေးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် မသွန်းယမုံဇော်နှင့် မမေနှင်းသူသူတို့ကို ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဝန်ကြီးက လေးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် မောင်သော်ဇင်ထွန်းနှင့် မောင်မန်းဒေးလင်းပိုင်ကီးတို့ကိုလည်းကောင်း၊ ဒုတိယဝန်ကြီး၏ဇနီးက လေးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် မောင်ကောင်းပြည့်ခန့်နှင့် သုံးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် မခင်လပြည့်ဦးတို့ကိုလည်းကောင်း ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တာဝန်ရှိသူများက သုံးဘာသာဂုဏ်ထူးနှင့် တစ်ဘာသာဂုဏ်ထူးတို့ဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသားကျောင်းသူများကို ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြပြီး ငါးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် မောင်ကောင်းခန့်ဂျွန်က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးတို့က ကျောင်းသားကျောင်းသူများနှင့် ကျောင်းသားမိဘများအား နံနက်စာဖြင့်တည်ခင်းဧည့်ခံသည်။

၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းသားသမီးများမှ ရိုးရိုးအောင်မြင်သူ ၇၃ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၀ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ခုနစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ငါးဦးနှင့် ငါးဘာသာဂုဏ်ထူးရှင် သုံးဦးတို့ရှိခဲ့ပြီး ရိုးရိုးအောင်မြင်သူတစ်ဦးလျှင် ငွေကျပ် ငါးသောင်းနှုန်း၊ ဂုဏ်ထူးတစ်ဘာသာလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ချီးမြှင့်ခဲ့ရာ ကျောင်းသား ကျောင်းသူများအတွက် စုစုပေါင်း ချီးမြှင့်ငွေကျပ် ၁၀၆၅၀၀၀၀ ဖြစ်ကြောင်း သိရသည်။

နံနက်စောစောပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိများက ငလျင်ဒဏ်ထိခိုက်ခံစားခဲ့ရသည့် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ ယာယီနေထိုင်ရန် ရုံးဧရိယာအတွင်း၌ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက ခွဲဝေချထားပေးသော Container House များ၌ နေထိုင်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက Container House များတွင် နေထိုင်သည့် ဝန်ထမ်းများအနေဖြင့် ထုတ်ပြန်ထားရှိသည့် စည်းကမ်းချက်များနှင့်အညီ စည်းကမ်းတကျနေထိုင်ကြရန်၊ ဝန်ထမ်းမိသားစုများ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ရိုင်းပင်းကူညီနေထိုင်ကြရန်၊ ယာယီနေထိုင်စဉ်ကာလအတွင်း ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး ပူးပေါင်းဆောင်ရွက်ကြရန်၊ ကျန်းမာရေးနှင့် ညီညွတ်စွာ စားသောက်နေထိုင်ကြရန်မှာကြားပြီး ဝန်ထမ်းမိသားစုဝင် ကလေးငယ်များအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ဝန်ထမ်းနှင့် မိသားစုဝင်များ အခန်းအလိုက်နေထိုင်နေမှု၊ လျှပ်စစ်မီး၊ သောက်ရေသုံးရေအတွက် စနစ်တကျစီမံဆောင်ရွက်ပေးထားမှု၊ စားဖိုဆောင်များ စီစဉ်ဆောင်ရွက်ပေးထားမှု၊ ယာယီအဆောက်အအုံဧရိယာအတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

**သတင်းစဉ်**

---

○ *ရှေ့ဖုံးမှ*

ယခုနှစ်တွင် ချည်မျှင်ရှည်ဝါကို နေရာဒေသအလိုက် တောင်သူများ စိုက်ပျိုးလာကြပြီဖြစ်သည်။ ထိုသို့ ချည်မျှင်ရှည်ဝါ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး အပတ်စဉ် တောင်သူများနှင့် တွေ့ဆုံ၍ စိုက်ပျိုးရေးနည်းပညာများ ဖြန့်ဝေအသိပညာပေးဟောပြောခြင်းနှင့် မိမိတို့ဒေသ ရာသီဥတုနှင့်ကိုက်ညီမည့် ပိုးသတ်ဆေး အသုံးပြုပုံများ အသိပညာပေးခြင်းဖြင့် ဝါစိုက်တောင်သူများက ယခုနှစ်တွင် မိုးဦးချည်မျှင်ရှည်ဝါ ၅၇၆၄ ဧက၊ မိုးနှောင်းချည်မျှင်ရှည်ဝါ ၁၀၃၇၆ ဧက စုစုပေါင်း ချည်မျှင်ရှည်ဝါဧက ၁၆၁၄၀ ကို စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ **မောင်လွင်(စလင်း)**

---

ဥတုရာသီ
တောကိုမှီ၏။

---



## ပန်းတနော်မြို့၌ အခွန်ပညာပေး ရှင်းလင်းဆွေးနွေး

**ပန်းတနော် ဩဂုတ် ၈**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် လူထုအခြေပြုဗဟိုဌာန ရွှေနော်သီရိခန်းမ၌ အခွန်ပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူး ဦးညီညီလှိုင်က ပန်းတနော်မြို့နယ်အတွင်းရှိ စားသောက်ဆိုင်၊ ဟိုတယ်နှင့်တည်းခိုခန်း၊ ရွှေထည်နှင့်လက်ဝတ်ရတနာ ရောင်းချသည့်လုပ်ငန်း၊ လက်ကိုင်ဖုန်း(Handset) အရောင်းဆိုင်လုပ်ငန်းရှင်များအား အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများနှင့် အင်းလုပ်ငန်း၊ ဆန်စက်လုပ်ငန်းရှင်များအား ဝင်ငွေခွန်ပေးဆောင်ခြင်းဆိုင်ရာ သိကောင်းစရာများအား ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့နောက် တက်ရောက်လာသည့် စီးပွားရေးလုပ်ငန်းရှင်များက သိရှိလိုသည်များမေးမြန်းရာ တာဝန်ရှိသူက ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

---

## ချောက်မြို့၌ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်စွမ်းရည်ပြိုင်ပွဲကျင်းပ

**ချောက် ဩဂုတ် ၈**

မကွေးတိုင်းဒေသကြီး ချောက်မြို့၌ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်စွမ်းရည်ပြိုင်ပွဲကို ယမန်နေ့ နံနက်က အလက(၃) ကျောင်းခန်းမ၌ ကျင်းပခဲ့သည်။



### ရှင်းလင်းပြောကြား

ဦးစွာ မြို့နယ်ပညာရေးမှူး ဦးသန်းမြိုင်က အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သိမ့်ဝါက ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပရခြင်း၏ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခဲ့သည်။

### ပါဝင်ယှဉ်ပြိုင်

ထို့နောက် ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများက မြန်မာ့အလင်းသတင်းစာမှ မောင်ကမ္ဘာ ရေးသားထားသော "ငယ်စဉ်အခါမှာ ပညာရှာပါ" ဆောင်းပါးအား တစ်ဦးချင်းဖတ်ကြား၍ ပြန်လည်ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့သည်။ အဆိုပါပြိုင်ပွဲတွင် အလက(၃)ကျောင်းမှ Grade-6၊ Grade-7၊ Grade-8 ကျောင်းသား ကျောင်းသူ ခုနစ်ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် တပ်ကုန်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား One Stop Service ဖြင့် ဆောင်ရွက်ပေးနေမှု ကြည့်ရှုအားပေး

နေပြည်တော် ဩဂုတ် ၈

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တပ်ကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းများက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပျက်စီး၊ ပျောက်ဆုံးသွားသည့် ဒေသခံပြည်သူများနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား မရရှိသေးသူများအား ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးသည်။**

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများက ဒေသခံပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်း နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးနိုင်ရေး အတွက် One Stop Service ဖြင့် ဆောင်ရွက်ပေးနေမှု နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိပြီးသူများအား e-ID စနစ်ဖြင့် Biographic/ Biometric ကောက်ယူ ကာ Unique ID နံပါတ် တစ်ပါတည်း ဆောင်ရွက် ထုတ်ပေးနေမှု အခြေအနေများကို လှည့်လည် ကြည့်ရှုအားပေးကာ(ယာပုံ) လုပ်ငန်းလိုအပ်ချက်များ ကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တပ်ကုန်းမြို့နယ် ဦးစီးမှူးရုံးဝင်း အတွင်းရှိ Container House ၌ မြို့နယ်ရုံးဝန်ထမ်း များနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့မှ တာဝန်ရှိသူများ စုပေါင်း၍ မဲဆန္ဒရှင်စာရင်း မှန်ကန်ရေးအတွက် မြေပြင်ကွင်းဆင်းကောက်ယူခဲ့သည့် စာရင်းအချက် အလက်များ တိုက်ဆိုင်စိစစ်ဆောင်ရွက်နေမှုကို



ကြည့်ရှုအားပေးသည်။

ယင်းနောက် မြို့နယ်ရုံးခန်းများအတွင်း ရုံး စာရွက်စာတမ်းများနှင့် ရုံးသုံးပစ္စည်းများ ထိန်းသိမ်း ထားရှိမှုနှင့် မှတ်တမ်းခန်းအတွင်း ကိုယ်ရေးမှတ်တမ်း များ စနစ်တကျထိန်းသိမ်းထားရှိမှုကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး အဆိုပါရုံးခန်းမ၌ မြို့နယ်ရုံး ဝန်ထမ်းများနှင့်တွေ့ဆုံကာ စာရွက်စာတမ်း များနှင့် ရုံးပစ္စည်းများ၊ e-ID ဆိုင်ရာစက်ပစ္စည်း ကိရိယာများ လုံခြုံမှုရှိစေရေး စစ်ဆေးကြပ်မတ် ထိန်းသိမ်းဆောင်ရွက်ရန်၊ အိမ်ထောင်စုလူဦးရေ စာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ပျောက်ဆုံး၊ ပျက်စီးသွားသူများနှင့် အသက်ပြည့်မီသူများအား ကိုင်ဆောင်ကတ်ပြား တစ်မျိုးမျိုး ရရှိကိုင်ဆောင် နိုင်ရန်၊ မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်း ကိုင်ဆောင် ကတ်ပြား တစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရန်နှင့် မဲဆန္ဒရှင် စာရင်းပြည့်စုံမှန်ကန်စေရေးလုပ်ငန်း များ၌ ဆက်စပ်ဌာနများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ကြရန်တို့ကို မှာကြား၍ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးပြီး မြို့နယ်ရုံးဝန်ထမ်းများအတွက် ဆန်အိတ်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင် ဝန်ထမ်းသားသမီးများအား ဂုဏ်ပြုဆု ချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၈**

၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင်ဝန်ထမ်း သားသမီးများအား ဂုဏ်ပြုဆု ချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ် (၅၅) မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဇမ္ဗူသီရိခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ ဒုတိယဥက္ကဋ္ဌ များဖြစ်ကြသော ဦးဇော်မြင့်နိုင်၊ ဒေါက်တာ လင်းအောင်နှင့် ဦးသက်ထွန်းအောင်၊ ဒါရိုက်တာ အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ် များ၊ အရာထမ်း၊ အမှုထမ်းများနှင့် ဆုရကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဆုချီးမြှင့်ပွဲတွင် မြန်မာနိုင်ငံ တော်ဗဟိုဘဏ်ဥက္ကဋ္ဌက ဂုဏ်ပြု စကားပြောကြားပြီး ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် (၅) ဘာသာ ဂုဏ်ထူး၊ (၄) ဘာသာဂုဏ်ထူး နှင့် (၁) ဘာသာဂုဏ်ထူးတို့ဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သူများ အား(ယာပုံ) ဂုဏ်ပြုဆုများကို လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ များက တက္ကသိုလ်ဝင်စာမေးပွဲ တွင် ရိုးရိုးအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများ အား ဂုဏ်ပြုမှတ်တမ်းလွှာများကို လည်းကောင်း ချီးမြှင့်ပေးအပ်ကြ ပြီး တက်ရောက်လာသူများအား နေ့လယ်စာဖြင့် ကျွေးမွေးဧည့်ခံ ကာ အခမ်းအနားကို ရုပ်သိမ်း ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# ကလောမြို့၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား UID ကတ်များ အိမ်တိုင်ရာရောက်ဆောင်ရွက်ပေး

**ကလော ဩဂုတ် ၈**

နိုင်ငံတော်၏ တာဝန်ထမ်းဆောင်ခဲ့သည့် နိုင်ငံ့ဝန်ထမ်း (အငြိမ်းစား) များတွင် လိုအပ်လျက်ရှိသည့် UID (Unique Identity) စနစ်ဖြင့် Smart Card ထုတ်ပေးခြင်းလုပ်ငန်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန ကလောမြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများ က ယနေ့တွင် ကလောမြို့ အမှတ်(၃) ရပ်ကွက်အတွင်းရှိ နိုင်ငံ့ ဝန်ထမ်း အငြိမ်းစားများအား အိမ်တိုင်ရာရောက် ဆောင်ရွက်ပေးခဲ့ သည်။

အလားတူ အောင်ပန်းမြို့ အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင် (၇၀၀)၌ ဆေးစစ်ဆေးမှု ခံယူနေသည့် ပြည်သူ့စစ်မှုထမ်းများကိုလည်း UID ကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**နန်းဖွေခမ်း**



# ကန့်ဘလူမြို့နယ်၌ ယခုနှစ်မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါး ၂၃၉၇၂ ဧက စိုက်ပျိုးပြီးစီး

**ကန့်ဘလူ ဩဂုတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူ မြို့နယ်၏ ဆန်စပါးထုတ်လုပ်မှု တိုးတက်ရေးနှင့်ပြည်တွင်းစားရေ ရိက္ခာဖူလုံစေရေးအတွက် ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါး ၁၄၂၅၅၈ ဧက စိုက်ပျိုးထုတ်လုပ် နိုင်ရန် လျာထားစိုက်ပျိုးခဲ့ရာ ယခု အခါ ၂၃၉၇၂ ဧကစိုက်ပျိုးပြီးဖြစ် ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီး ဌာနမှ သိရသည်။

အဆိုပါမိုးစပါးများကို ဇွန်လ လယ်က စတင်စိုက်ပျိုးခဲ့ခြင်းဖြစ် ပြီး စိုက်ပျိုးထုတ်လုပ်သူတောင်သူ



လယ်သမားများ လူနေမှုအဆင့် အတန်း မြင့်မားလာစေရန်၊ ရာသီဥတုရေမြေဒေသနှင့်ကိုက်ညီ သော အထွက်ကောင်းမျိုးများ၊ အရည်အသွေးကောင်း မျိုးများ တိုးချဲ့စိုက်ပျိုးသွားရန်၊ ဆန်စပါး ထုတ်လုပ်မှု တိုးတက်ရေး မျိုးကောင်းမျိုးသန့် ထုတ်လုပ် သုံးစွဲနိုင်ရေး ရည်မှန်းချက်ထား၍ အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်၌ မိုးစပါး လျာထားချက်ပြည့်မီစွာ စိုက်ပျိုး နိုင်ရေးအတွက် ဒေသခံတောင်သူ များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန နှင့် သက်ဆိုင်ရာ ဌာနဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်း ဆောင်ရွက်လျက် ရှိကြောင်းနှင့် မြို့နယ်အတွင်းရှိ ဒေသခံ တောင်သူများသည် စပါးမျိုးများ အဖြစ် ရေမင်း၊ ဆင်းသုခ၊ ရွှေသွယ်ရင်၊ ပေါ်ဆန်း၊ မနောသုခ နှင့် အောင်နိုင်တိုးစသည့် စပါးမျိုး များကို စိုက်ပျိုးကြကြောင်း သိရ သည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# အဖျောက်မြို့၌ ဓာတ်မြေဩဇာအရောင်းဆိုင်များအား ရည်ညွှန်းဈေးနှင့်အညီ ရောင်းချရေး ကွင်းဆင်းစစ်ဆေး

**တိုက်ကြီး ဩဂုတ် ၈**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အဖျောက်မြို့တွင် ဓာတ်မြေဩဇာ အရောင်း ဆိုင်များအနေဖြင့် သတ်မှတ်ရည်ညွှန်းဈေးနှုန်း ဖြင့် ရောင်းချမှုရှိ/မရှိ ကွင်းဆင်းစစ်ဆေးခြင်း ကို ယနေ့နံနက်က အဖျောက်မြို့ အမှတ် (၂) ရပ်ကွက်နှင့် အမှတ် (၃) ရပ်ကွက်တို့၌ ဆောင်ရွက်ရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ် ရေးကော်မတီအဖွဲ့ဝင် ဦးစိုးဝင်းမောင်၊ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်စိုးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ များ၊ အဖျောက်မြို့ အုပ်ချုပ်ရေးမှူး ဦးဇော်မင်းထွေးနှင့် အဖွဲ့သည် ဓာတ်မြေဩဇာ အရောင်းဆိုင်များအား သတ်မှတ်ဈေးနှုန်း၊ ရည်ညွှန်းဈေးနှုန်းများထက် ပိုမိုရောင်းချမှု မပြုလုပ်ရေး၊ ဈေးကစား၍ ရောင်းချမှုမရှိစေ ရေး၊ ဓာတ်မြေဩဇာများကို တောင်သူများအား မရောင်းချဘဲ ဂိုဒေါင်များတွင် သိုလှောင်ထားမှု မရှိစေရေး အသိပညာပေး ပြောကြားပြီး လိုက်လံစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

**နိုင်ငံတစ်ဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**

# နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ လူငယ်များ ဘဝမြင့်ကြစို့ ...

ဗိုလ်ကြည်(လူငယ်)

**လက်ရှိမျက်မှောက်ခေတ်ကမ္ဘာကြီး၏ ကောင်းခြင်း၊ ဆိုးခြင်းများဆိုင်ရာဖြစ်ကြသည့် နိုင်ငံအချင်းချင်း သဘောထားမတိုက်ဆိုင် အငြင်းပွားမှုများအား လက်နက်ကိုင် ဖြေရှင်း၍ နိုင်ငံအချင်းချင်းစစ်မက် ဖြစ်ပွားကာ ကမ္ဘာ့နိုင်ငံအနှံ့အပြားရှိ ပြည်သူများ၊ အသက်အိုးအိမ်များနှင့် ဥစ္စာပစ္စည်းများဆုံးရှုံးပြီး အတိဒုက္ခရောက်ရှိကြရသည်။**

❖ **ကမ္ဘာနိုင်ငံအသီးသီးသည် မိမိတို့လူမျိုး၊ မိမိတို့တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရန်အတွက် မိမိတို့နိုင်ငံအတွင်းရှိ လူငယ်များကို အဓိက ဦးစားပေးပြုစုပျိုးထောင်လာကြသည်ကို တွေ့ရမည် ဖြစ်ပြီး နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ ကိုးကွယ်သည့်ဘာသာ၊ လူမျိုး၊ တောတောင်ရေမြေသဘာဝ၊ နိုင်ငံ၏ သမိုင်းကြောင်း နောက်ခံများ မတူညီခြင်းကြောင့် လူငယ်များကို ပြုစုပျိုးထောင် ရာ ပုံသဏ္ဍာန်တူညီချင်မှ တူနိုင်မည်ဖြစ်ပါသည်။ သို့သော် လူငယ်များကို ပြုစုပျိုးထောင်ရမည်ဆိုသော ရည်ရွယ်ချက်မှာ နိုင်ငံတိုင်း တူညီကြ**

နိုင်ငံအချင်းချင်း မိမိနိုင်ငံ၊ မိမိလူမျိုးအတွက် အတ္တကြီးကာ ကုန်သွယ်မှုပြိုင်ဆိုင်မှုကြောင့် နိုင်ငံတစ်ဝန်းလောင်စာဆီပြဿနာ၊ ကုန်ဈေးနှုန်း အဆမတန် ကြီးမြင့်လာမှု၊ လူနေမှုစရိတ်များ တဖြည်းဖြည်း မြင့်တက်လာမှု စသည့်ဆိုးကျိုးများ၊ လက်ရှိမျက်မှောက်ကာလတွင် တိုးတက်လာသော IT နည်းပညာများ၊ (AI) ကဲ့သို့ ဉာဏ်ရည်တုဖြင့် လူမှုရေး၊ ပညာရေးနှင့် စီးပွားရေးတွင် ကဏ္ဍများပိုမိုဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာမှုများ၊ နည်းပညာဆိုင်ရာ မြင့်မားတိုးတက်လာမှုကြောင့် လမ်းပန်းဆက်သွယ်ရေး၊ ခရီးသွားလာမှု၊ လူသားအချင်းချင်း ဆက်သွယ်ကောင်းမွန်လာမှုသည် မျက်မှောက်ခေတ်ကာလတွင် ကောင်းခြင်း၊ ဆိုးခြင်းအရာရာအားလုံးမှာ လက်ရှိကာလတာဝန်ယူ ဆောင်ရွက်နေကြသော နိုင်ငံ့ခေါင်းဆောင်များ၊ နိုင်ငံသူနိုင်ငံသားများ လက်ရှိတာဝန်ယူဆောင်ရွက်နေသော နိုင်ငံအလိုက်ပြည်သူများ၏ ကောင်းကျိုး၊ ဆိုးကျိုး ဖန်တီးမှုများသာ ဖြစ်ပါသည်။

**အတူတကွ လူ့ဘောင်တစ်ခုကို တည်ဆောက် နိုင်ရန်မှာ လူငယ်များ၏ တာဝန်သာဖြစ်**

သို့သော် အနာဂတ်ကာလ ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတို့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်နိုင်ရေး၊ ကမ္ဘာကြီး၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် လူသားအားလုံး အတူတကွပူးပေါင်း ဆောင်ရွက်နိုင်ရေးသည် ကိုယ်ချင်းစာစိတ်၊ မျှတသည့်စိတ်၊ ဖေးမကူညီ လက်တွဲခေါ်ပြီး အတူတကွ သာယာလှပသော လူ့ဘောင်တစ်ခုကို တည်ဆောက်နိုင်ရန်မှာ ယနေ့ မျက်မှောက်ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းမှ လူငယ်များ၏ တာဝန်သာလျှင် ဖြစ်ပါသည်။

လူငယ်ဆိုသည်မှာ လူသားမျိုးနွယ်စုတစ်ခု၊ နိုင်ငံတစ်နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်၊ နိုင်ငံ၏ အနာဂတ်ကို ဖန်တီးနိုင်ကြမည့်သူများပင် ဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်နေခြင်းသည်လည်း နိုင်ငံအတွင်းရှိလူငယ်များ၊ နိုင်ငံသူနိုင်ငံသားများ၏ စည်းကမ်းကောင်းမွန်မှု၊ နိုင်ငံချစ်စိတ်ရှိမှု၊ အတတ်ပညာအသိပညာပြည့်ဝမှု၊ စိတ်ဓာတ်ကောင်းမွန်မှု၊ အဂတိလိုက်စားမှု ကင်းလွတ်မှုရှိခြင်းနှင့် စည်းကမ်းကောင်းမွန်မှု စသည်တို့ကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးသည် မိမိတို့လူမျိုး၊ မိမိတို့တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် မိမိတို့နိုင်ငံအတွင်းရှိလူငယ်များကို အဓိက ဦးစားပေးပြုစုပျိုးထောင်လာကြသည်ကို တွေ့ရမည်ဖြစ်ပြီး နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ ကိုးကွယ်သည့်ဘာသာ၊ လူမျိုး၊ တောတောင်ရေမြေသဘာဝ၊ နိုင်ငံ၏ သမိုင်းကြောင်းနောက်ခံများ မတူညီခြင်းကြောင့် လူငယ်များကို ပြုစုပျိုးထောင်ရာ ပုံသဏ္ဍာန် တူညီချင်မှ တူနိုင်မည်ဖြစ်ပါသည်။ သို့သော် လူငယ်များကို ပြုစုပျိုးထောင်ရမည်ဆိုသော ရည်ရွယ်ချက်မှာ နိုင်ငံတိုင်း တူညီကြပါသည်။

ယနေ့ အာရှတိုက်ရှိ ချမ်းသာကြွယ်ဝသော နိုင်ငံများဖြစ်ကြသည့် ကိုရီးယား၊ စင်ကာပူနှင့် ဂျပန် စသည့်နိုင်ငံများသည် လူငယ်များကို အဓိကထား၍ နိုင်ငံကို တည်ဆောက်ခဲ့ကြခြင်း ဖြစ်ပါသည်။ အဆိုပါနိုင်ငံများသည် တိုင်းပြည်၏ အနိမ့်ကျဆုံး အခြေအနေမှ မှန်ကန်သောခေါင်းဆောင်မှုနှင့် မူဝါဒခိုင်မာမှု၊ လူငယ်များအား အဓိကထားပြုစုပျိုးထောင်မှု၏ ရလဒ်ကြောင့် တဖြည်းဖြည်း ဖွံ့ဖြိုးတိုးတက်လာခဲ့ခြင်း ဖြစ်ပါသည်။

ဂျပန်နိုင်ငံဆိုလျှင် ဒုတိယကမ္ဘာစစ်အတွင်း ၁၉၄၅ ခုနှစ် ဩဂုတ်လတွင် အမေရိကန်၏ အဏုမြူဗုံး နှစ်လုံး ကြဲချခံရပြီး စစ်ရှုံးကာ တိုင်းပြည်မှာ ပြာပုံဘဝသို့ ရောက်ရှိခဲ့သည်။ စစ်ရှုံး၍ စစ်ဘေး စစ်ဒဏ်သင့်ကာ စစ်လျော်ကြေးများဖြင့် တိုင်းပြည်ကို နာလန်မထူဘဲ ဆင်းရဲတွင်းနက်ခဲ့ရသည်။ သို့သော် ဂျပန်လူမျိုးတို့သည် ထိုအချိန်မှစ၍ တိုင်းပြည်ကို ပြန်လည်ထူထောင်ရာ၌ ရေရှည်စီမံကိန်းချမှတ်ကာ အနာဂတ်တွင် လူငယ်များအား မူဝါဒ ငါးချက်ဖြင့် ပြုစုပျိုးထောင်ခဲ့ပါသည်။

ထိုမူဝါဒ ငါးချက်မှာ -

(၁) ပညာရေးစနစ်ကို အခြေခံများ ပြုပြင်ပြောင်းလဲခြင်း၊ အခမဲ့အလယ်တန်းအထိ မသင်မနေရ ပညာရေးဥပဒေများ ပြဋ္ဌာန်းခြင်း၊ သိပ္ပံနှင့် နည်းပညာ၊ အင်ဂျင်နီယာဘာသာရပ်များကို အလေးထားသင်ကြားစေခြင်း၊

(၂) စည်းကမ်းနှင့် လူမှုတာဝန်အသိစိတ်ကို မွေးမြူစေခြင်း၊ ဂျပန်ပညာသင်ကျောင်းများတွင် စာသင်ခန်းပြင်ပ ပညာရေးကို အလေးထားခဲ့ပြီး ကျောင်းသား ကျောင်းသူများအား အုပ်စုလိုက်လှုပ်ရှားမှု (အားကစား၊ ဂီတ၊ သိပ္ပံပရောဂျက်)စသည်တို့ကို ပူးပေါင်း ဆောင်ရွက်မှု အလေ့အထအား မြှင့်တင်ပေးခြင်း၊ လူမှုရေးလုပ်ငန်းများ ပါဝင်ဆောင်ရွက်မှု အလေ့အထများအား လေ့ကျင့်ပေးခြင်း(ဥပမာ - ကျောင်းတွင်း သန့်ရှင်းရေးကို ကျောင်းသားများ စုပေါင်းလုပ်ဆောင်စေခြင်း၊ ရပ်ရွာအကျိုးပြုလုပ်ငန်းများတွင် ပါဝင်စေခြင်း)

(၃) စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတွင် လူငယ်များ ပါဝင်စေခြင်း၊ ၁၉၅၀ - ၁၉၆၀ ပြည့်နှစ်များတွင် ဂျပန်စက်မှုလက်မှုလုပ်ငန်းများ (ဥပမာ- ကားထုတ်လုပ်ရေး အီလက်ထရောနစ်ကို အရှိန်အဟုန်မြှင့်လုပ်ကိုင်ရာတွင် လူငယ်များအား နည်းပညာနှင့် စီးပွားရေးဆိုင်ရာများကို လေ့ကျင့်သင်ကြားပေးခြင်း၊ ကုမ္ပဏီနှင့် တက္ကသိုလ်များ ချိတ်ဆက်၍ လူငယ်များ လက်တွေ့ကျကျ လုပ်ငန်းအတွေ့အကြုံရရှိစေရန်၊ Leadership နှင့် Apprenticeship အစီအစဉ်များ ဖန်တီးပေးခြင်း)

(၄) နိုင်ငံသားစိတ်၊ မျိုးချစ်စိတ်ကို မွေးမြူပေးခြင်း၊ ဂျပန်အစိုးရသည် "တစ်နိုင်ငံလုံး လူမျိုးတစ်မျိုးတည်းဟူသော" စည်းလုံးညီညွတ်ရေးဝါဒကို အားပေးခဲ့ပြီး လူငယ်များအား နိုင်ငံအတွက် စွမ်းဆောင်ရည်ပြည့်ဝသော နိုင်ငံသားများအဖြစ် ပျိုးထောင်ခဲ့ပါသည်။

(၅) ကျန်းမာရေးနှင့် လူမှုဖူလုံရေးအတွက် ဂျပန်အစိုးရသည် ကျန်းမာရေးနှင့် အာဟာရကို မြှင့်တင်ရန် အခြေခံပညာကျောင်းများတွင် အစီအမံအဖြစ် နို့နှင့် ဖြည့်စွက်အာဟာရများကို ကျွေးမွေးခြင်းဆောင်ရွက်ခဲ့ပါသည်။

ဖော်ပြပါနည်းလမ်းများဖြင့် လူငယ်များအား ဂရုတစိုက်ပြုစုပျိုးထောင်ခဲ့သော ဂျပန်နိုင်ငံသည် ၁၉၈၀ ပြည့်လွန်ကာလများတွင် စက်မှုဖွံ့ဖြိုးတိုးတက်ပြီး ကြွယ်ဝချမ်းသာသော နိုင်ငံအဖြစ်သို့ ပြောင်းလဲလာကာ ယခုအခါ အာရှသာမက ကမ္ဘာမှာပင် ချမ်းသာကြွယ်ဝသော နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့ပြီဖြစ်ပါသည်။ လူငယ်များအား စနစ်တကျ ပြုစုပျိုးထောင်ခဲ့ခြင်း၏ ရလဒ်ပင်ဖြစ်ပါသည်။

**မြန်မာနိုင်ငံက ဆန်တန်ချိန် သိန်းနှင့်ချီပြီး ကူညီထောက်ပံ့ပေးခဲ့**

တောင်ကိုရီးယားနိုင်ငံကို ကြည့်မည်ဆိုလျှင် ၁၉၄၅ ခုနှစ်တွင် ဂျပန်လက်အောက်မှ လွတ်လပ်ရေး ရရှိခဲ့ပြီး သူ့ကျွန်ဘဝတွင် အနှိမ်ခံဘဝနှင့် ဆင်းဆင်းရဲရဲနေခဲ့ကြရပါသည်။ ထမင်းအစား ပြောင်းဆန်ကိုသာ စားခဲ့ကြရပါသည်။ လွတ်လပ်ရေးရပြီး ၁၉၅၀- ၁၉၅၃ ခုနှစ်တွင် တောင်-မြောက် စစ်ဖြစ်ခဲ့ရာ ပြည်တွင်းစစ်ကြောင့် စစ်ဘေး၊ စစ်ဒဏ်သင့်ကာ စားရေရိက္ခာ ရှားပါး၍ ထမင်းငတ်သည့်ဘဝသို့ ရောက်ခဲ့ကြပါသည်။ နိုင်ငံတကာမှ ဆန်စပါးများ ထောက်ပံ့ခဲ့ကြရာတွင် မြန်မာနိုင်ငံသည်လည်း ဆန်တန်ချိန် သိန်းနှင့်ချီပြီး ကူညီထောက်ပံ့ပေးခဲ့ပါသည်။

ထိုအချိန်တွင် တောင်ကိုရီးယားခေါင်းဆောင်နှင့် တောင်ကိုရီးယားလူကြီးများက စကားတစ်ခွန်းအား ပြောကြားခဲ့သည်မှာ **"ငါတို့လူမျိုးတွေ ငါတို့ လက်ထက်မှာပဲ ထမင်းငတ်ရမယ်။ ငါတို့ရဲ့မျိုးဆက်၊ ငါတို့ရဲ့ကလေးတွေ၊ ငါတို့လူငယ်တွေလက်ထက်မှာတော့ ဘယ်တော့မှ ထမင်းမငတ်စေရဘူး၊ ငါတို့ ကလေးတွေ၊ လူငယ်တွေကို ကြိုးစားပြီး ပြုစုပျိုးထောင်မည်"** ဟု သန္နိဋ္ဌာန်ချပြီး လူငယ်များကို သူတို့ဘဝ၏ နာကြည်းမှု၊ ခံပြင်းမှု၊ မခံချင်စိတ်များနှင့် နှိုင်းယှဉ်ပြီး ပြုစုခဲ့ကြပါသည်။

ပညာရေးကို အမျိုးသားရေးအဆင့် သတ်မှတ်ပြီး အခြေခံပညာများကို အခမဲ့သင်ယူစေခဲ့သည်။ အဆင့်မြင့်သင်ယူမှုစနစ်များကို ကျင့်သုံး၍ သိပ္ပံ၊ အင်ဂျင်နီယာနှင့် နည်းပညာဘာသာရပ်များကို အထူးအလေးထား သင်ကြားစေပါသည်။ ကမ္ဘာ့အဆင့်မီတက္ကသိုလ် Seoul Nation University၊ Korea Advanced Institute of Science of Tech-nology (KAIST) တို့နှင့် Post တို့သည် နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကို ကမ္ဘာ့အဆင့်မီအောင် လူငယ်များကို ပြုစုပျိုးထောင်သင်ကြားခဲ့သည့် နည်းပညာနှင့် စီးပွားရေးကို မြှင့်တင်နိုင်ရန် နိုင်ငံတွင်းရှိ Sam-sung၊ LG၊ Hyundai ကုမ္ပဏီကြီးများကို ရင်းနှီးမြှုပ်နှံမှု အကူအညီတောင်းခံခဲ့ကြောင်း သိရသည်။

လူငယ်များနှင့် ပတ်သက်သော Digital၊ Inter-net၊ Business (ဥပမာ - E-Sport၊ K-pop) စသည့် ဖန်တီးမှုများကို အားပေးခဲ့သည်။ ယဉ်ကျေးမှုနှင့် အနုပညာလုပ်ငန်းကို နိုင်ငံတကာအထိ ပေါက်ရောက်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ အားကစားနှင့် ကျန်းမာရေးကဏ္ဍကို အခြေခံပညာကျောင်းမှ စတင်၍ လေ့ကျင့်ပြုစုပျိုးထောင် ဆောင်ရွက်ပေးခဲ့သည်။ လူငယ်များကို စနစ်တကျပြုစုပျိုးထောင် လေ့ကျင့်ဆောင်ရွက်ပေးခဲ့သည့် တောင်ကိုရီးယားနိုင်ငံသည် ၁၉၅၀ ပြည့်နှစ်တွင် ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံဖြစ်ခဲ့ပြီး ယခုအခါ ကမ္ဘာ့အချမ်းသာဆုံးနိုင်ငံတစ်နိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

စင်ကာပူနိုင်ငံသည် ၁၉၆၅ ခုနှစ် ဩဂုတ်လ ၉ ရက်နေ့တွင် မလေးရှားနိုင်ငံမှ ခွဲထွက်ပြီး လွတ်လပ်ရေးရရှိခဲ့ပါသည်။ ယင်းနိုင်ငံသည် သဘာဝသယံဇာတ နည်းပါးပြီး သဘာဝအရင်းအမြစ် နည်းပါးသော ကျွန်းနိုင်ငံငယ်တစ်ခုသာ ဖြစ်ပါသည်။

**အထူးအလေးထားပြုစု ပျိုးထောင်ခဲ့**

ထိုအချိန်က စင်ကာပူနိုင်ငံခေါင်းဆောင် လီကွမ်ယုက တိုင်းပြည်ကို ပြန်လည်ထူထောင်ရာတွင် လူငယ်များကို အဓိကထားပြီး ပညာရေး၊ စည်းကမ်း၊ နိုင်ငံ့အကျိုးစီးပွား၊ အကျင့်စာရိတ္တနှင့် အဂတိကင်းရှင်းရေး အထူးအလေးထားပြုစုပျိုးထောင်ခဲ့သည်ကို တွေ့ရမည် ဖြစ်ပါသည်။

ပညာရေးနှင့် ပတ်သက်ပြီး နည်းပညာ၊ သိပ္ပံနှင့် စီးပွားရေးဆိုင်ရာပညာရေးကို အထူးအလေးထား သင်ကြားစေခဲ့ပါသည်။ အစိုးရ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် အဆင့်မြင့်သင်ရိုးညွှန်းတမ်းများ၊ စမ်းသပ်မှုစနစ်များကို အားပေးခဲ့ပြီး ကမ္ဘာ့ထိပ်တန်းတက္ကသိုလ်များနှင့် ချိတ်ဆက်ကာ လူငယ်များ၏ အရည်အချင်းကို မြှင့်တင်ဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံသားစိတ်မွေးမြူခြင်းနှင့် ပတ်သက်၍ လီကွမ်ယု အစိုးရလက်ထက်တွင် တစ်နိုင်ငံလုံး လူမျိုးတစ်မျိုးတည်း "One Nation၊ One People" ဟူသော စည်းလုံးညီညွတ်ရေးဝါဒကို အားပေးခဲ့ပါသည်။ လူမျိုးပေါင်းစုံ၊ ဘာသာစကားယဉ်ကျေးမှုအရလေးစားမှုဖြင့် ပညာပေးကာ နိုင်ငံတော်အတွက် စွမ်းဆောင်ရည်ပြည့်ဝသော လူငယ်များအဖြစ် ပြုစုပျိုးထောင်ခဲ့ပါသည်။

စည်းကမ်းနှင့် တာဝန်ယူမှုကို အလေးထားတတ်စေရန် လီကွမ်ယုလက်ထက်မှစ၍ စင်ကာပူနိုင်ငံသည် နိုင်ငံအတွင်း လူနေမှုစည်းကမ်းကို တင်းတင်းကျပ်ကျပ်မူဝါဒ ဥပဒေချမှတ်ခြင်း၊ အဂတိလိုက်စားမှုကို အထူးအလေးထား အရေးယူဆောင်ရွက်ခြင်း၊ ကျောင်းသားလူငယ်ဘဝမှ စတင်ပြုစုပျိုးထောင်ခြင်း၊ အခြေခံပညာကျောင်းများတွင်

*စာမျက်နှာ ၇ သို့*

## ပုဇွန်တောင်မြို့နယ်၌ ယာယီနေရပ်စွန့်ခွာပြည်သူများအား ဧပြီလ၊ မေလနှင့်ဇွန်လအတွက် ထောက်ပံ့ငွေပေးအပ်ခြင်းအခမ်းအနား ကျင်းပ

**ရန်ကုန် ဩဂုတ် ၈**

ပုဇွန်တောင်မြို့နယ်အတွင်း ဒေသအသီးသီးမှ ယာယီနေရပ်စွန့်ခွာပြည်သူများအား အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ရန်ပုံငွေမှ ဧပြီလ၊ မေလနှင့်ဇွန်လအတွက် တစ်ဦးလျှင် ငွေကျပ် ၆၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့က အမှတ်(၁၀) ရပ်ကွက်ရှိ အမှတ်(၄) အခြေခံပညာမူလတန်းကျောင်း တေဇခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးအောင်က ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပုဇွန်တောင်မြို့နယ်အတွင်းရှိ ရပ်ကွက် ၁၀ ရပ်ကွက်မှ ယာယီနေရပ်စွန့်ခွာပြည်သူနှင့် ဝန်ထမ်း စုစုပေါင်း ၄၇၁ ဦးရှိသည့်အနက် လာရောက်ထုတ်ယူသူ ၃၇၉ ဦးအား ဧပြီလ၊ မေလနှင့် ဇွန်လများအတွက် တစ်ဦးလျှင် ငွေကျပ် ၆၀၀၀၀ နှုန်းဖြင့် လက်ဝယ်အရောက် ပေးအပ်ခဲ့ကာ ခရီးလွန်နေသူ ၉၂ ဦးအား မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆက်လက် ထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရသည်။ **ဟန်စုယဉ်**



## ချောင်းဆုံမြို့နယ်၌ နိုင်ငံ့စီးပွားထောက်ပံ့ငွေများ ပေးအပ်

**ချောင်းဆုံ ဩဂုတ် ၈**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများ အဆင်ပြေစေရေး စိုက်ပျိုးမွေးမြူရေး လယ်ယာကဏ္ဍ အသေးငါးကဏ္ဍ ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်အတွင်းရှိ အထွေထွေ စီးပွားရေးသမဝါယမအသင်းများသို့ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ နိုင်ငံ့စီးပွားထောက်ပံ့ငွေများ ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက မြို့နယ်သမဝါယမဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်ထွေးက နိုင်ငံ့စီးပွားထောက်ပံ့ငွေပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ချောင်းဆုံမြို့နယ်အတွင်းရှိ လယ်ယာနှင့် အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမအသင်းလေးသင်း မွေးမြူရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း တစ်သင်း အသေးစားလုပ်ငန်းရှင်များ သမဝါယမအသင်း တစ်သင်း စုစုပေါင်း ခြောက်သင်းရှိ အသင်းသား ၂၅၃ ဦးကို နိုင်ငံ့စီးပွား ထောက်ပံ့ငွေကျပ် ၁၅၉၂ သိန်းကျော်ကို တာဝန်ရှိသူများက ပေးအပ်ရာ ကိုယ်စားလှယ်အသင်းသားများက လက်ခံယူခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

*စာမျက်နှာ ၆ မှ*

စာသင်ခန်းပြင်ပ လှုပ်ရှားမှုများ (Curriculum Activeities)ကို မဖြစ်မနေပါဝင်စေကာ ခေါင်းဆောင်မှု စွမ်းရည်များကို ဖွံ့ဖြိုးစေခဲ့ပါသည်။

စီးပွားရေးနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်သည့်အနေဖြင့် အစိုးရသည် လူငယ်များအား နည်းပညာ၊ အင်ဂျင်နီယာနှင့် စီးပွားရေးဆိုင်ရာ ကျွမ်းကျင်မှုများရရှိစေရန် ပြည်ပသို့ ပညာတော်သင်များ စေလွှတ်ခြင်း၊ ဒေသဆိုင်ရာ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခြင်းတို့ကို အလေးထားဆောင်ရွက်ခဲ့ပါသည်။

ကျန်းမာရေး၊ ပတ်ဝန်းကျင်နှင့် လူမှုဖူလုံရေးအတွက် စင်ကာပူနိုင်ငံ၌ အခမဲ့ကျန်းမာရေး စောင့်ရှောက်မှုများ၊ သန့်ရှင်းသောရေနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစနစ်ကို ချမှတ်ဆောင်ရွက်ခဲ့ပါသည်။ စင်ကာပူနိုင်ငံခေါင်းဆောင် လီကွမ်ယုက အရည်အချင်းပြည့်ဝသော လူငယ်များအား နိုင်ငံတော်၏ အနာဂတ်အဖြစ် ရင်းနှီးမြှုပ်နှံခြင်းကို အဓိက မူဝါဒအဖြစ် ချမှတ်ဆောင်ရွက်ခြင်းကြောင့် နှစ် ၂၀ ကျော်ကာလအတွင်း တဖြည်းဖြည်းနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်လာပြီး ယနေ့ကမ္ဘာမှာ သန့်ရှင်းသော မြို့တော်၊ ခရီးသွားလည်ပတ်မှုကောင်းသော မြို့တော်၊ စီးပွားရေးဖွံ့ဖြိုးမှု အားကောင်းသော နိုင်ငံအဖြစ်သို့ ရပ်တည်နိုင်ခဲ့ပြီဖြစ်ပါသည်။

အဆိုပါနိုင်ငံများ၏ ပြုမူဆောင်ရွက်ချက်မူဝါဒများမှာ အတုယူဖွယ်ကောင်းသော အချက်များပင်ဖြစ်ပြီး **လူငယ်ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်အတွက် ရေရှည်ရင်းနှီးမြှုပ်နှံရမည့် အကြောင်းအရာတစ်ခုဆိုတာ ပေါ်လွင်စေခဲ့ပါသည်။ လူငယ်များသည် နိုင်ငံတော်၏ အနာဂတ်ဖန်တီးကြသူများဖြစ်ပြီး အသိပညာအတတ်ပညာနှင့်ပြည့်စုံပြီး ပညာပြည့်ဝ နလုံးလှသောလူငယ်များကို မွေးထုတ်ပေးနေခြင်းသည် တိုင်းပြည်၏အနာဂတ်ကို တည်ဆောက်နေခြင်းပင်ဖြစ်ပေသည်။ အရည်အသွေး ပြည့်ဝသော လူငယ်အဖွဲ့အစည်းများကို ပိုင်ဆိုင်သည့်နိုင်ငံများသည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမည်မှာ ဧကန်မလွဲ ဖြစ်ပါသည်။**

၂၀၂၅ ခုနှစ်စာရင်းအရ နိုင်ငံတကာတွင် အသက် ၁၅ – ၂၄ နှစ်အတွင်းအား လူငယ်ဟု သတ်မှတ်ပြီး ကမ္ဘာ့လူဦးရေ၏ ၁၆ ရာခိုင်နှုန်းရှိပါသည်။ မြန်မာနိုင်ငံတွင် လူငယ်သတ်မှတ်ချက်ကို အသက် ၁၅– ၃၅ နှစ်အဖြစ် သတ်မှတ်ထားပြီး ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံလူဦးရေ၏ ၃၅ ရာခိုင်နှုန်းခန့်သည် လူငယ်များဖြစ်သည်ဟု သိရှိရပါသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ အသုံးချနိုင်ပါက ထူးခြားသည့် အင်အားစုတစ်ရပ်ဖြစ်လာမည်မှာ ဧကန်မလွဲဖြစ်ပါသည်။

သို့သော် မြန်မာ့သမိုင်းကို ပြန်လည်ကြည့်ပါက ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိပြီးကတည်းက လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာသော လက်နက်ကိုင်အဖွဲ့များကြောင့် အစိုးရအစဉ်အဆက် လက်နက်ကိုင်ပဋိပက္ခများနှင့် ရင်ဆိုင်ဖြေရှင်းနေရပြီး လူငယ်များ၏ အနာဂတ်မှာ မှေးမှိန်ခဲ့ရပါသည်။ ယနေ့မျက်မှောက် မြန်မာနိုင်ငံရှိ လူငယ်များအတွက် ရင်ဆိုင်ဖြေရှင်းရမည့် စိန်ခေါ်ရမှုများမှာ အလုပ်အကိုင်အခွင့်အလမ်းရှားပါးမှုပြဿနာ၊ အွန်လိုင်း မီဒီယာပြဿနာ၊ မူးယစ်ဆေးဝါးပြဿနာ၊ နိုင်ငံရေး မူဝါဒမှိုင်းများ၏ပြဿနာများ ဖြစ်ပါသည်။

အွန်လိုင်းမီဒီယာပြဿနာမှာ ယနေ့ခေတ်မီတိုးတက်လာသည်နှင့်အမျှ လူငယ်လူရွယ်များ၊ အရွယ်မတိုင်မီကပင် လက်ကိုင်ဖုန်းပေးကိုင်ပြီး သာမန်ဂိမ်းကစားရာမှတစ်ဆင့် တဖြည်းဖြည်းချင်း အွန်လိုင်းဂိမ်းသို့ ကူးစက်ကာ စွဲစွဲလမ်းလမ်းအသုံးပြုလာခြင်းသည် လူငယ်များ၏ ပညာရေးနှင့် ကိုယ်ကျင့်တရား၊ အသိပညာ အတတ်ပညာ ရှာဖွေလေ့လာရမည့်အချိန် စသည်တို့ ထိခိုက်နစ်နာဆုံးရှုံးမှုကို များစွာဖြစ်ပေါ်စေပါသည်။

ထို့အပြင် လူငယ်များသည် လက်ကိုင်ဖုန်းကို အသုံးပြုပြီး Social Network ကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာခြင်းကြောင့် အနောက်နိုင်ငံများ၏ ယဉ်ကျေးမှု၊ ဓလေ့စရိုက်များ အားကျပြီး ဘာသာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာများ ထိခိုက်မှုရှိစေခြင်း၊ ဆင်ဆာဖြတ်တောက်မှုမရှိဘဲ လိင်ကိစ္စဗီဒီယိုများ၊ လိင်ကိစ္စအကြောင်းအရာများကို ငယ်ရွယ်စဉ်က ကြည့်ရှုနေခြင်းသည် ကိုယ်ကျင့်တရားဆိုင်ရာ ပျက်စီးမှုများ၊ လူမှုရေးရာ နေထိုင်မှုပုံစံများကို များစွာထိခိုက်စေပါသည်။

မြန်မာနိုင်ငံအတွင်းရှိ လူငယ်များ၏ အဓိက စိန်ခေါ်မှုနောက်တစ်ခုမှာ မူးယစ်ဆေးဝါး ပြဿနာပင်ဖြစ်ပါသည်။ လက်နက်ကိုင်အဖွဲ့များက နယ်စပ်ဒေသတစ်လျှောက် မူးယစ်ဆေးဝါးများ စိုက်ပျိုးခြင်း၊ မူးယစ်ဆေးဝါးနှင့် ပတ်သက်သော ဆက်စပ်ပစ္စည်းများ၊ မူးယစ်ဆေးဝါးများအား နိုင်ငံတကာနှင့် ချိတ်ဆက်မှောင်ခိုပြုလုပ်နေခြင်းတို့ကြောင့် နိုင်ငံအတွင်း မူးယစ်ဆေးဝါးများပျံ့နှံ့လျက်ရှိပြီး Happy Water၊ K နှင့် E တို့ စသည့် ဆေးဝါးမျိုးစုံများ လူငယ်များအကြား ရေပန်းစားလျက်ရှိနေပါသည်။ KTV များ၊ Bar များ၊ Night Club များသည် မူးယစ်ဆေးဝါးသုံးစွဲပြီး ပျော်စံသောနေရာဖြစ်နေခြင်းကြောင့် အနာဂတ်တွင် အားကိုးအားထားပြုရမည့် လူငယ်များ၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာများစွာ ပျက်စီးဆုံးရှုံးစေသည့် အကြောင်းတရားများပင် ဖြစ်နေပါသည်။

ထို့ပြင်လည်း မတည်ငြိမ်မှုများကြောင့် နိုင်ငံအနှံ့အပြားရှိ လူငယ်တော်တော်များများ စစ်ဘေးရှောင်ရခြင်း၊ ဒေသတည်ငြိမ်အေးချမ်းမှုမရှိခြင်းတို့ကြောင့် ပညာသင်ကြားနိုင်မှု အခွင့်အလမ်းများ ဆုံးရှုံးရခြင်း၊ ပညာသင်ရန် အချိန်နောက်ကျခြင်းတို့ ဖြစ်ပါသည်။ ပညာသင်ရန် အခက်အခဲတော်တော်များများ ကြုံတွေ့နေရသည်မှာ လက်ရှိလူငယ်များ ရင်ဆိုင်ဖြေရှင်းနေရသော စိန်ခေါ်မှုတစ်ရပ်ပင် ဖြစ်ပါသည်။

### အမှားအမှန်ကို ဝေဖန်ပိုင်းခြားစဉ်းစားနိုင်သော လူငယ်များ ထွက်ပေါ်လာစေရန်ဖြစ်

၁-၈-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်က အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအဖြစ် သတ်မှတ်ဖွဲ့စည်းပြီး လူငယ်ရေးရာဦးစီးဌာနကို အသစ် ဖွင့်လှစ်ပေးခဲ့ပါသည်။ ယင်းမှာ နိုင်ငံအတွင်းရှိ လူငယ်များ အသိပညာ၊ အတတ်ပညာ ဖွံ့ဖြိုးတိုးတက်ပြီး ဗလငါးတန်နှင့်ပြည့်စုံစေကာ ယဉ်ကျေးလိမ္မာ၍ အမှားအမှန်ကို ဝေဖန်ပိုင်းခြားစဉ်းစားနိုင်သည့် ပညာပြည့်ဝနှလုံးလှသော လူငယ်များ ထွက်ပေါ်လာစေရန် ဖြစ်ပါသည်။

လူငယ်ရေးရာဦးစီးဌာနအနေဖြင့် နိုင်ငံတွင်းရှိ လူငယ်များကိုပြုစုပျိုးထောင်ရာတွင် အားကစားကို လိုက်စားစေခြင်းဖြင့် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာများ ငယ်စဉ်ကတည်းက တိုးတက်ကောင်းမွန်လာအောင် ရည်ရွယ်ဆောင်ရွက်လျက်ရှိပြီး လူငယ်များကို အဓိကပြုစုပျိုးထောင်ရန်အတွက် လူငယ်ကဏ္ဍ ၁၆ ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ ကဏ္ဍများမှာ–

(၁) ပညာရေးကဏ္ဍ
(၂) ကျန်းမာရေးကဏ္ဍ
(၃) မူးယစ်ဆေးဝါးနှင့် အခြားဘေးဖြစ်စေတတ်သည့် အန္တရာယ်များကဏ္ဍ
(၄) အားကစားနှင့် အပန်းဖြေခြင်းကဏ္ဍ
(၅) အလုပ်အကိုင် အခွင့်အလမ်းကဏ္ဍ
(၆) စီးပွားရေးကဏ္ဍ
(၇) နိုင်ငံရေးကဏ္ဍ
(၈) စာပေ၊ အနုပညာနှင့် ယဉ်ကျေးမှုကဏ္ဍ
(၉) သုတေသနကဏ္ဍ
(၁၀) သိပ္ပံနှင့် နည်းပညာကဏ္ဍ
(၁၁) ပြည်သူ့နီတိနှင့် နိုင်ငံသားကောင်းဖြစ်မှုကဏ္ဍ
(၁၂) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ
(၁၃) ငြိမ်းချမ်းရေးနှင့်ဘဝလုံခြုံရေးကဏ္ဍ
(၁၄) ကျား၊ မညီမျှမှုကဏ္ဍ
(၁၅) လူ့အခွင့်အရေးကဏ္ဍ
(၁၆) နိုင်ငံတကာဆက်ဆံရေးကဏ္ဍတို့ဖြစ်ပါသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်အတွက် အခြေခံအချက်များပါဝင်သော လူငယ်စင်တာများကို တည်ဆောက်ပေးလျက်ရှိပါသည်။ ယခုဆိုလျှင် ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် တည်ဆောက်ပြီးစီးပြီဖြစ်ပြီး ကျန်တိုင်းဒေသကြီးများနှင့်ပြည်နယ်များ၌ တည်ဆောက်ရန် ပြင်ဆင်ဆောင်ရွက်လျက် ရှိပါသည်။

ကုလသမဂ္ဂက နှစ်စဉ် ဩဂုတ်လ ၁၂ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အဖြစ် သတ်မှတ်ပြီး လူငယ်ကဏ္ဍကို အထူးမြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့၏ ဆောင်ပုဒ်ဖြစ်သော “**လူငယ်စွမ်းအားမှသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်ဆီသို့**” (Local Youth Actions For The SDGs And Beyond) ဟူ၍ ဆောင်ပုဒ်ကိုထုတ်ပြန်ခဲ့ပါသည်။

မိမိတို့နိုင်ငံအနေဖြင့်လည်း မိမိတို့၏ မိသားစုရှိသား၊ သမီးများ၊ မိမိမြို့ရွာရှိ လူငယ်လူရွယ်များ၊ မိမိနိုင်ငံအတွင်းရှိ လူငယ်လူရွယ်များကို ငယ်စဉ်ကပင် ဂရုတစိုက်ပြုစုပျိုးထောင် ပညာသင်ကြားစေခြင်း၊ အသိဉာဏ်ပညာနှင့်ပြည့်စုံရန် သွန်သင်ဆုံးမခြင်း၊ ၎င်းတို့ဝါသနာပါရာ လုပ်ငန်းစဉ်များ တိုးတက်အောင်မြင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုးပေးခြင်း၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် အတတ်ပညာများ ဆည်းပူးလေ့လာသင်ယူစေခြင်း၊ တိုးတက်လာသော IT ပညာနည်းပညာများ၊ AI ကဲ့သို့ ပညာရပ်များ အကျိုးရှိစွာအသုံးချစေခြင်း၊ မိမိနိုင်ငံ၊ မိမိလူမျိုး၊ ဘာသာတရားနှင့် ကိုက်ညီသော စာပေများ လေ့လာစေခြင်း၊ စာဖတ်ခြင်းအပြုအမူကို ငယ်စဉ်ကပင် အလေ့အကျင့် ပြုလုပ်ပေးခြင်း စသည့် လုပ်ဆောင်မှုများသည် မိမိနှင့် မိသားစုအတွင်း၊ မိမိတို့မြို့ရွာ၊ မိမိတို့နိုင်ငံနှင့် မိမိတို့ အနာဂတ်အတွက် ကောင်းမွန်စွာ ရင်းနှီးမြှုပ်နှံနေခြင်းပင်ဖြစ်ပါသည်။

မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်၍ အေးချမ်းသာယာဝပြောမှုရှိစေရန်အတွက် မိမိတို့၏ သား၊ သမီး လူငယ်များအား ယခုမှစ၍ ဗလငါးတန်နှင့်ပြည့်စုံကာ ပညာပြည့်ဝနှလုံးလှသော လူငယ်များဖြစ်အောင် ပြုစုပျိုးထောင်ပေးကြပါလို့ ရေးသားတင်ပြလိုက်ရပါသည်။ ။

# တီဘီ၊ HIV ရောဂါကုသဆေးများကို နိုင်ငံတော်မှ ဝယ်ယူပေးလျက်ရှိရာ လူနာများအနေဖြင့် ဆေးပြတ်လပ်မှုမရှိစေဘဲ ကုသမှုခံယူနိုင်မည်

## ပြည်သူ့ဆေးရုံများကို ပြည်သူလူထု အားကိုးယုံကြည်မှု ပိုမိုရရှိလာစေရေး လူနာများ၊ လူနာမိသားစုများနှင့် ဆက်ဆံရေး ပိုမိုကောင်းမွန်စေရေးဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၈**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အသစ်အဖြစ် ခန့်အပ်ခံရသူ Mr. Yusumasa Kimura အား ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဝန်ကြီးဌာနနှင့် UNICEF အဖွဲ့တို့အကြား တိုးချဲ့ကာကွယ်ဆေးထိုးရေးလုပ်ငန်းများ၊ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျောင်းကျန်းမာရေးလုပ်ငန်းများ၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များ၊ မန္တလေးငလျင်ကြီးအလွန် ပြန်လည်ထူထောင်ရေးကိစ္စရပ်များနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်နိုင်ရေးဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဆိုင်ရာ UNICEF ရုံးမှ ကိုယ်စားလှယ်များနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ခုတင်(၁၀၀)နှင့်အထက် ပြည်သူ့ဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးများ၊ အထူးကုဆရာဝန်ကြီးများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်က တိုးမြှင့်ပံ့ပိုးပေးသည့် ကျန်းမာရေးရန်ပုံငွေဖြင့် လိုအပ်သည့် ဆေးနှင့်ဆေးပစ္စည်း၊ အထူးသဖြင့် တီဘီ၊ HIV ရောဂါကုသဆေးများကို နိုင်ငံတော်မှ နှစ်စဉ် ခွင့်ပြုရန်ပုံငွေဖြင့် စိုက်ထုတ်အကုန်အကျခံ ဝယ်ယူပေးလျက်ရှိရာ လူနာများအနေဖြင့် ဆေးပြတ်လပ်မှုမရှိစေဘဲ ကုသမှုခံယူနိုင်မည်ဖြစ်ပြီး တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်သူ့ဆေးရုံများကို ပြည်သူလူထု အားကိုးယုံကြည်မှု ပိုမိုရရှိလာစေရေး ဆေးရုံများဥပဓိရုပ်ကောင်းမွန်ရေး၊ လူနာများ၊ လူနာမိသားစုများနှင့် ဆက်ဆံရေးပိုမိုကောင်းမွန်စေရေးတို့ကိုလည်း ဆောင်ရွက်ပေးကြရန်၊ ကျန်းမာရေးအဆင့်အတန်းယခုထက် ပိုမိုကောင်းမွန်လာပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံဖြစ်စေရန်၊ မကြာမီကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်စေရေး ကျရာကဏ္ဍမှ တာဝန်ကျေပွန်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်းနှင့် ညွှန်ကြားရေးမှူးချုပ်များက ကုသရေးလုပ်ငန်းများ တိုးတက်စေရေး အမှာစကားများပြောကြားကြပြီး တက်ရောက်လာသည့် ဆေးရုံအုပ်ကြီးများ၊ အထူးကုဆရာဝန်ကြီးများက လုပ်ငန်းဆောင်ရွက်မှုနှင့် လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

သတင်းစဉ်

---

# ဒုတိယဝန်ကြီး ဦးဝင်းရှိန် Kabar Training သင်တန်းကျောင်း သင်တန်းသားများအား တွေ့ဆုံအားပေး

## ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်မှုခံယူခြင်းဖြင့် ပြည်တွင်း၊ ပြည်ပအလုပ်အကိုင် အခွင့်အလမ်းကောင်းများရရှိနိုင်ရေးဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၈**

မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) ဥက္ကဋ္ဌ၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ Kabar Training သင်တန်းကျောင်း၌ ကျောက်ပုံးရိုက် သင်တန်းဖွင့်လှစ်နေမှုကို ကြည့်ရှုအားပေးသည်။ (ယာပုံ)

ကြည့်ရှုအားပေးစဉ် ဒုတိယဝန်ကြီးက အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် အထောက်အကူပြုသည့် သင်တန်းဖြစ်၍ သင်ခန်းစာများကို စိတ်ပါဝင်စားစွာ သင်ယူမှတ်သားရန်၊ ကျွမ်းကျင်မှုရှိအောင်လေ့ကျင့်၍ စနစ်တကျအသုံးချရန်နှင့် NSSA အသိအမှတ်ပြု ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေး ဌာနများတွင် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်မှုခံယူခြင်းဖြင့် ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင် အခွင့်အလမ်းကောင်းများရရှိနိုင်ရေး ဆောင်ရွက်ရန် ပြောကြားသည်။

ထို့နောက် မင်္ဂလာဒုံစက်မှုဇုန်ရှိ TI ၊Famoso အထည်ချုပ်စက်ရုံနှင့် Myanmar DYC ရှူးဖိနပ်စက်ရုံများကို ကြည့်ရှုစစ်ဆေးပြီး တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက လုပ်ငန်းခွင် တည်ငြိမ်အေးချမ်းရေး၊ ကုန်ထုတ်စွမ်းအား တိုးတက်စေရေး၊ အလုပ်ရှင် အလုပ်သမား လုပ်ငန်းခွင်ဆက်ဆံရေး ကောင်းမွန်ရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

သတင်းစဉ်



---



# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် ဩဂုတ် ၈**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Amazing Auto Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota BZ3X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Grand Sirius Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် NETA U အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Geely Riddara RD6 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ ၊ Innogen Myanmar Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota BZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Midmay Group Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Dongfeng NAMMI 01 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# ပန်းတောင်းမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်

**ပန်းတောင်း ဩဂုတ် ၈**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ



ကာကွယ်ရေး ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်း၊ အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းနှင့် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို ယနေ့နံနက်က အထက ပန်းတောင်းနှင့် အမက (လွန်) ကြခတ်ကျောင်းတို့တွင် ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပန်းတောင်းမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလတ်သူသူကျော်နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ အခြေခံပညာကျောင်းများရှိ ကျောင်းအုပ်ဆရာမကြီးများနှင့် ဆရာ ဆရာမများပူးပေါင်း၍ အထက ပန်းတောင်းနှင့် အမက(လွန်) ကြခတ်ကျောင်းဝင်းအတွင်းရှိ ရုံးခန်းများ၊ စာသင်ခန်းများနှင့် သန့်စင်ခန်းများအား ခြင်ဆေးဖျန်းခြင်းများဆောင်ရွက်ခဲ့ကြပြီး ရေစည်၊ ရေကန်၊ ရေအိုးများ၊ ဘုရားပန်းအိုးများတွင် ဖုံး၊ သွန်၊ လဲ၊ စစ်ပြုလုပ်ခြင်းနှင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

လပြည့်လင်း(ပြန်/ဆက်)

---

# စစ်တောင်းမြစ်ရေ တောင်ငူမြို့၌ စိုးရိမ်ရေမှတ်အထက်ရောက်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၈**

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်လက်မခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၁၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ဂျူဒိုနှင့် ပီတန်း အားကစားအဖွဲ့များ လေ့ကျင့်နေမှု ကြည့်ရှုအားပေး

နေပြည်တော် ဩဂုတ် ၈

**အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် နေပြည်တော်၌ ဂျူဒိုနှင့် ပီတန်းအားကစားအဖွဲ့များ စခန်းဝင်လေ့ကျင့်နေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲတွင် ဝိတ်တန်းအပြည့်နှင့် အားကစားသမား အင်အားပြည့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း(Gold Camp)ရှိ ဂျူဒိုလေ့ကျင့်ရေးခန်းမ၌ ဂျူဒိုနှင့် ဂျူဂျစ်ဆု အားကစားသမားများ၏ လေ့ကျင့်နေမှုကို လည်းကောင်း၊ ပီတန်းအားကစားသမားများ၏ ပြိုင်ပွဲပုံစံလေ့ကျင့်ယှဉ်ပြိုင်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုပြီး အားကစားသမားများနှင့်တွေ့ဆုံကာ အုပ်ချုပ်သူ၊ နည်းပြများအနေဖြင့် မိမိအားကစားသမားများ၏အခြေအနေကို လေ့လာသုံးသပ်၍ အားနည်းချက်၊ အားသာချက်များကို ပြန်လည်ပြုပြင်သင်ကြားလေ့ကျင့်ပေးသွားရန် မှာကြားသည်။**(ယာပုံ)**

ထို့နောက်နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) စားရိပ်သာ၌ အားကစားသမားများ နေ့လယ်စာ စားသုံးနေမှုကို ကြည့်ရှုစစ်ဆေးပြီး အားကစားဆေးဘက်ဆိုင်ရာ ဆရာဝန်၏ Sports Nutrition နှင့်အညီ တွက်ချက်ထားသည့် အားကစားသမားတစ်ဦး တစ်နေ့တာလိုအပ်သည့် ကယ်လိုရီပမာဏအတိုင်း အာဟာရသင့်တင့်မျှတစွာ ကျွေးမွေးနိုင်ရေးအတွက် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် မိုင်းလားအထူးဒေသ(၄) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**မိုင်းလား ဩဂုတ် ၈**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးလှိုင်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းလား အထူးဒေသ (၄)သို့ သွားရောက်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။



ဦးစွာ မိုင်းလား အထူးဒေသ (၄) ရှိ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြီး ကျောင်းသား ကျောင်းသူများကို တွေ့ဆုံအားပေးစကား ပြောကြားကာ စာသင်ခန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဆရာ ဆရာမများနှင့်တွေ့ဆုံ၍ နိုင်ငံတော်၏ မူဝါဒနှင့်အညီ အထူးဒေသ(၄)ကို ပညာရေးမြှင့်တင်ပေးရန်၊ ဆရာ ဆရာမများအနေဖြင့် နာသုံးနာဖြင့် ကျောင်းသား ကျောင်းသူများကို သင်ကြားပေးရန်နှင့် အနာဂတ်တွင် နိုင်ငံတော်က အားထားရသည့် လူငယ်များဖြစ်လာစေရေး သွန်သင်ဆုံးမပေးရန် ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဆရာ ဆရာမများအတွက် ချီးမြှင့်ငွေများ ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံယူသည်။

ယင်းနောက် မိုင်းလားပြည်သူ့ဆေးရုံသို့ သွားရောက်၍ ဆေးရုံရှိ ဆေးကုသမှုအခန်း၊ ဆေးသိုလှောင်ခန်းနှင့် ဝန်ထမ်းအိမ်ရာတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က စေတနာအပြည့်ဖြင့် ကုသပေးကြရန်နှင့် စည်းစည်းလုံးလုံးဖြင့် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရန် မှာကြား၍ ဆရာဝန်၊ ဆရာမများအတွက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ချီးမြှင့်ငွေများ ပေးအပ်ရာ ဆရာဝန်၊ ဆရာမများက လက်ခံရယူကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မိုင်းလား - ကျိုင်းတုံလမ်းပိုင်းရှိ တာပင်းတံတားနှင့် လမ်းကို ကြည့်ရှုစစ်ဆေးကြပြီး ပူးပေါင်းစစ်ဆေးရေးစခန်း၊ ဝမ်တာပင်းဂိတ်တွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ပေးအပ်သော တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရေး၊ တရားမဝင်ကုန်သွယ်မှုမရှိစေရေး မှာကြားသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် နွားမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ



**နေပြည်တော် ဩဂုတ် ၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ ၂၀၂၄ စီမံကိန်း အစီအစဉ်ဖြင့် နေပြည်တော် ဇေယျာအတွင်းရှိ နွားမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နည်းပညာနှင့် ဗဟုသုတမျှဝေခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ရေဆင်း၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှ ပါမောက္ခ၊ ဌာနမှူးများ၊ တွဲဖက်ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ပါရဂူဘွဲ့လွန်၊ မဟာသိပ္ပံဘွဲ့လွန်၊ ဘွဲ့ကြိုကျောင်းသား ကျောင်းသူများ စုစုပေါင်း ၈၀ ခန့် တက်ရောက်ကြသည်။

အလုပ်ရုံ ဆွေးနွေးပွဲတွင် နွားများ၏ မျိုးပွားအင်္ဂါလုပ်ငန်းစွမ်းဆောင်ရည်ဆိုင်ရာ ကြုံတွေ့ရသောအခြေအနေများ၊ ဆက်နွှယ်သည့် ကုသမှုများနှင့် သုံးသပ်ချက်များကို ဆွေးနွေးကြသည်။

ဦးစွာ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ ခွဲစိတ်ကုနှင့်မျိုးပွားပညာဌာနမှ ဌာနမှူး၊ ပါမောက္ခ ဒေါက်တာ စိုးဝင်းနိုင်က မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ ၂၀၂၄ စီမံကိန်း အစီအစဉ်အရ ဆောင်ရွက်လျက်ရှိသော နွားမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များ၏ အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တွဲဖက်ပါမောက္ခ ဒေါက်တာသက်စုမြတ်၊ တွဲဖက်ပါမောက္ခ ဒေါက်တာ အေးစိုး၊ တွဲဖက်ပါမောက္ခ ဒေါက်တာ စိုးဝင်းကျော်၊ တွဲဖက်ပါမောက္ခ ဒေါက်တာ ဟေမာကျော်နှင့် မျိုးပွားပညာဆိုင်ရာ ကျွမ်းကျင် ဆရာ ဆရာမများက နွားများ၏ မျိုးပွားခြင်းနှင့် ပတ်သက်၍ မျိုးမအောင်ရခြင်း အကြောင်းရင်းများနှင့် နွားမျိုးပွားခြင်းဆိုင်ရာ စောင့်ရှောက်ခြင်းပညာရပ်များကို ရှင်းလင်းဟောပြောကြသည်။

သတင်းစဉ်

## စစ်တောင်းမြစ်နှင့် သံလွင်မြစ် မြစ်ရေအခြေအနေ

**နေပြည်တော် ဩဂုတ် ၈**

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးပေခွဲခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်လည်းကောင်း၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့်ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် အသီးသီး ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီး နှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ထိုင်းဘုရင့်လေတပ်မှ အဆင့်မြင့်အရာရှိကြီးများ ခရီးစဉ်လာရောက်

**နေပြည်တော် ဩဂုတ် ၈**

မြန်မာ – ထိုင်း နှစ်နိုင်ငံလေတပ်များအကြား အရာရှိကြီးများ အပြန်အလှန်လည်ပတ်ရေး အစီအစဉ်အရ ထိုင်းဘုရင့်လေတပ်မှ Air Marshal Srit Vuteerapol ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၄ ရက်တွင် ရန်ကုန်မြို့ မင်္ဂလာဒုံလေတပ်စခန်း ဌာနချုပ်သို့ ရောက်ရှိကြရာ တပ်မတော်(လေ)မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

အဆိုပါ ထိုင်းဘုရင့်လေတပ်မှ ကိုယ်စားလှယ် အဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်လေတပ် စစ်သံမှူးတို့အား တပ်မတော်(လေ)မှ စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယ ဗိုလ်ချုပ်ကြီး ဇော်ဝင်းမြင့်က ဩဂုတ် ၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ Chatrium ဟိုတယ်၌ လက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံလေတပ်များအကြား ပူးပေါင်းဆောင်ရွက်မှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး အထိမ်းအမှတ်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ညပိုင်းတွင် ထိုင်းဘုရင့်လေတပ်မှ Air Marshal Srit Vuteerapol ဦးဆောင်သော အဆင့်မြင့် အရာရှိကြီးများအား စစ်ဦးစီးအရာရှိချုပ် (လေ) က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ထိုင်းဘုရင့်လေတပ် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ခရီးစဉ် လာရောက်စဉ်အတွင်း ရန်ကုန်မြို့ရှိ အထင်ကရနေရာများဖြစ်သည့် ရွှေတိဂုံစေတီတော်မြတ်ကြီး၊ ဗိုလ်တထောင်ဘုရား၊ ဆူးလေဘုရား၊ ကမ္ဘာအေးဘုရား၊ ပဲခူးမြို့ရှိ ရွှေသာလျောင်းရုပ်ပွားတော်မြတ်ကြီးနှင့် ရွှေမော်ဓောဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဝန်ကြီးများရုံး၊ ဗိုလ်ချုပ် အောင်ဆန်းဈေးနှင့် ကမ္ဘောဇသာဒီရွှေနန်းတော်သို့ သွားရောက်လေ့လာ လည်ပတ်ကြည့်ရှုကြသည်။

ထိုင်းဘုရင့်လေတပ်ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ်မှ ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာကြရာ(**အပေါ်ပုံ**)တပ်မတော်(လေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်လေတပ်စစ်သံမှူးနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ပုဗ္ဗသီရိတပ်နယ်ကိုယ်စားပြုအသင်းက ဒိုင်းဆုရရှိ



**နေပြည်တော် ဩဂုတ် ၈**

၂၀၂၅ ခုနှစ်၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်၏ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင် အသင်း ငါးသင်းဖြင့် ဩဂုတ် ၄ ရက်မှ စတင်ကျင်းပ ပြုလုပ်လျက်ရှိရာ ယနေ့ ယှဉ်ပြိုင်ကစားသည့် ဗိုလ်လုပွဲ ပွဲစဉ်တွင် ပုဗ္ဗသီရိ တပ်နယ်အသင်း ဒိုင်းဆုရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ တိုင်းမှူးဒိုင်း ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် စိုးမင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစား ဝါသနာရှင်များ တက်ရောက်ကြပြီး ဗိုလ်လုပွဲ ပွဲစဉ်များ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ လူသစ်တန်း၊(က)တန်းနှင့်အလွတ်တန်း အဆင့်ပြိုင်ပွဲများတွင် အကောင်းဆုံးအားကစားသမား ဆုရရှိသူများ၊ အသင်းလိုက် ပထမ၊ ဒုတိယ ဆုရရှိသူများနှင့် ဒိုင်းဆုရရှိသော ပုဗ္ဗသီရိတပ်နယ် ကိုယ်စားပြုအသင်း(**ဝဲပုံ**)တို့အား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၂၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၈**

၂၀၂၅ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ ညနေပိုင်းတွင် မိတ္ထီလာမြို့ရှိ နယ်မြေခံလေတပ်စခန်းဌာနချုပ်၌ ကျင်းပပြုလုပ်ရာ လေကြောင်းအတတ်သင်လေတပ်စခန်းဌာနချုပ်၊ လေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးချုပ် သိန်းထူးနှင့် တာဝန်ရှိသူများ၊ လေတပ်စခန်းဌာနချုပ်တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြပြီး ဗိုလ်လုပွဲယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ဆုရရှိသော အားကစားသမားများအား တာဝန်ရှိသူများက လည်းကောင်း၊ တံခွန်စိုက်ဒိုင်းဆုရရှိသော မြေပြင်အတတ်သင်လေတပ်စခန်းဌာနချုပ်အသင်းအား ကာကွယ်ရေးဦးစီးချုပ်(လေ) ကိုယ်စား လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ်၊ လေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးချုပ် သိန်းထူး (**ယာပုံ**)ကလည်းကောင်း တံခွန်စိုက်ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို ဌာနချုပ်၊ လေတပ်စခန်းဌာနချုပ်နှင့် လေတပ်စခန်း အသီးသီးတို့မှ ပြိုင်ပွဲဝင်အသင်း ၁၄ သင်းတို့ဖြင့် ဇူလိုင် ၂၂ ရက်မှ ယနေ့အထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးမည်

**နေပြည်တော် ဩဂုတ် ၈**

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း ဩဂုတ် ၁၀ ရက်မှ ၁၅ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၈-၈-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၀-၈-၂၀၂၅ ရက်နေ့မှ ၁၁-၈-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ



# ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့အခမ်းအနားများ ကျင်းပ



ရန်ကုန် ဩဂုတ် ၈

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ၏ နေ့ထူးနေ့မြတ် ဝါခေါင်လပြည့် (မေတ္တာအခါတော်နေ့) ဖြစ်သည့်အားလျော်စွာ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၇ ခုနှစ် မေတ္တာအခါတော်နေ့အခမ်းအနားများကို ယနေ့ နံနက် ၅ နာရီခွဲမှစတင်၍ စေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာများ၌ ကျင်းပသည်။

ဦးစွာရွှေတိဂုံစေတီတော်မြတ်ကြီးအား အရုဏ်ဆွမ်းတော်ဆက်ကပ်ပူဇော်ပွဲကို စေတီတော်ရင်ပြင်ညှော့ခံတန်ဆောင်း၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့ဝင်များက စေတီတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးများ ကပ်လှူပူဇော်ကြသည်။

ထို့နောက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ မေတ္တာအခါတော်နေ့ အသံမစဲမေတ္တာပို့ အောင်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များက စိန်ရောင်ခြည်ဘုရားပင့်ဂါထာတော်ဖြင့် ဘုရားရှင်အား ပင့်လျှောက်ထားခြင်း၊ နတ်ဖြဟ္မာများအား ဖိတ်ကြားခြင်း၊ ရွှေတိဂုံဘုရားရှိခိုးဂါထာတော်ဖြင့် ရှိခိုးပူဇော်ခြင်း၊ ဓမ္မစကြာအမွှမ်းဂါထာ ရွတ်ဆိုပူဇော်ခြင်း၊ ဆုတောင်းအမျှဝေခြင်း၊ ကမ္ဘာသူကမ္ဘာသား၊ ဝေနေယျသတ္တဝါအပေါင်းတို့အား စုပေါင်းမေတ္တာပို့သခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ စုရပ်မှစတင်၍ ပန်းပေါင်း ၈၄၀၀၀ ဖြင့် ဆင်ယင်ပူဇော်ထားသည့် ပန်းစေတီများ လှည့်လည်ပူဇော်ပွဲအခမ်းအနားကိုကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ၊ ဗုဒ္ဓဝေယျာဝစ္စအသင်းများနှင့် ဝန်ထမ်းများက ပန်းစေတီများပင့်ဆောင်၍ ရင်ပြင်တော်တစ်ပတ် လှည့်လည်ပူဇော်ကြပြီး ပွင့်တော်မူပြီးသော ဘုရားရှင်လေးဆူတို့အား ရည်မှန်းပူဇော်သည့်အနေဖြင့် အရှေ့ဘက်အာရုံခံမုခ်ဦးအတွင်းရှိ ကကုသန္ဓရုပ်ပွားတော်၊ တောင်ဘက်အာရုံခံမုခ်ဦးအတွင်းရှိ ကောဏာဂမနရုပ်ပွားတော်၊ အနောက်ဘက်အာရုံခံမုခ်ဦးအတွင်းရှိ ကဿပရုပ်ပွားတော်၊ မြောက်ဘက် အာရုံခံမုခ်ဦးအတွင်းရှိ ဂေါတမရုပ်ပွားတော်တို့အား ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့နှင့် ဗုဒ္ဓဝေယျာဝစ္စအသင်းများကလည်းကောင်း၊ အထက်ပစ္စယံရှိ ပတ္တမြားမျက်ရှင်ရုပ်ပွားတော်အား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများကလည်းကောင်း ပန်းစေတီများကို ကပ်လှူပူဇော်ကြသည်။

ဆက်လက်၍ ဝါတွင်းသီလခံယူပွဲ၊ နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲနှင့် ရေစက်ချ အနုမောဒနာအခမ်းအနားကို ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပရာ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီးသံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တအဂ္ဂသာမိထံမှ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် ဘုရားဖူးလာပြည်သူများက နဝင်္ဂသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဩဝါဒါစရိယ ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များက ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဒေါက်တာဘဒ္ဒန္တအဂ္ဂသာမိထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအမျှပေးဝေကြပြီး ဩဝါဒါစရိယဆရာတော်ကြီးများအား ဂေါပကအဖွဲ့ဝင်များက နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

သတင်းစဉ်

# နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၈

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့၌ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ဒေသခံတိုင်းရင်းသားပြည်သူများအား လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာစုစုပေါင်း ၁၀၁ ဦးတို့ကို ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး အတွင်းလူနာအဖြစ် အမျိုးသား ၁၈ ဦး၊ အမျိုးသမီး ၁၄ ဦး စုစုပေါင်း ၃၂ ဦး တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိရာ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။



ထို့အပြင် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက နောင်ချိုမြို့ တောင်ရပ်ကွက် နယ်မြေ(၃) အမှတ်(၃) အခြေခံပညာမူလတန်းကျောင်းရှေ့ လမ်းဘေးဝဲ/ယာရှိ ချုံနွယ်ပေါင်းမြက်များအား ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း စသည့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❖ *ကျောဖုံးမှ*

ဒုတိယနေ့တွင် P.S Star အသင်းက King Cobra အသင်းကို ခုနစ်ဂိုး – တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ P.S Star အသင်းအတွက် အနိုင်ဂိုးများကို ၅ မိနစ်တွင် ထက်ဝင်း၊ ၉ မိနစ်နှင့် ၃၄ မိနစ်တွင် ကောင်းမြတ်ရှင်းသန့်ဇော်၊ ၁၁ မိနစ်တွင် ရာဇာချိုလာ၊ မိနစ် ၃၀ တွင် ကံကောင်း နှင့် ၃၆ မိနစ်တွင် မင်းခန့်ကျော်တို့က သွင်းယူပြီး ကျန်တစ်ဂိုးမှာမူ ၁၄ မိနစ်တွင် King Cobra အသင်းမှ အောင်ကောင်းမြတ် ကိုယ့်ဂိုးကိုယ် သွင်းမိခဲ့ခြင်းဖြစ်သည်။ King Cobra အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၁၁ မိနစ်တွင် အောင်ခန့်မြတ်က သွင်းယူခဲ့သည်။ ထို့ကြောင့် နောက်ဆုံးတစ်ပွဲကစားရန် ကျန်သေးသော်လည်း နိုင်ပွဲကိုယ်စီရရှိထားသည့် P.S Star အသင်းနှင့် Maryar NOKA အသင်းတို့မှာ ထိပ်တိုက်မတွေ့ဆုံမီ ခြေစစ်ပွဲအောင်မြင်ရန် သေချာခဲ့ခြင်းဖြစ်သည်။

ယခုခြေစစ်ပွဲတွင် အသင်းသုံးသင်း ယှဉ်ပြိုင်နေပြီး အမှတ်အများဆုံးနှစ်သင်း ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ King Cobra အသင်းသည် နှစ်ပွဲစလုံး အရှုံးနိမ့်သဖြင့် တစ်ပွဲစီအနိုင်ရထားသည့် P.S Star အသင်းနှင့် Maryar NOKA အသင်းတို့က ထိပ်တိုက်မတွေ့ဆုံမီ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။

မောင်ညီ

ဓာတ်ပုံ–MFF

❑ *ကျောဖုံးမှ*

အနိုင်ရချိန်တွင် အမှားအယွင်းမရှိ နိုင်ပွဲထပ်မံရယူနိုင်ခဲ့သည်။ ဒဂုံစတားယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးကို ၅၅ မိနစ်တွင် နေလင်းသန့်က သွင်းယူခဲ့သည်။ ဗဟန်းမြက်ခင်းတုကွင်း၌ ကျင်းပသည့်ပွဲတွင် Junior Lions အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်း ဂိုးမရှိသရေကျခဲ့သည်။

ဩဂုတ် ၆ ရက်က ကစားသည့်ပွဲတွင် အား/ကာသိပ္ပံအသင်းက မဟာယူနိုက်တက်အသင်းကို ခြောက်ဂိုးပြတ်အနိုင်ရပြီး ရတနာပုံအသင်းနှင့် သစ္စာအားမာန်အသင်း ဂိုးမရှိသရေကျခဲ့သည်။

ပွဲစဉ် (၁၄)အပြီးတွင် အား/ကာသိပ္ပံအသင်းက ၃၂ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်းတို့က ရမှတ် ၃၀ စီ၊ ရှမ်းယူနိုက်တက်အသင်းက ၂၇ မှတ်၊ သစ္စာအားမာန်အသင်းက ၂၃ မှတ်၊ Junior Lions အသင်း၊ ရောဝတီယူနိုက်တက်အသင်းနှင့် Falcon အသင်းတို့က ၂၁ မှတ်စီ၊ ရာမညယူနိုက်တက်အသင်းက ၁၉ မှတ်၊ ရတနာပုံအသင်းက ၁၇ မှတ်၊ ဟံသာဝတီယူနိုက်တက်အသင်းက ၁၆ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ကိုးမှတ်၊ မဟာယူနိုက်တက်အသင်းက ငါးမှတ်၊ Dagon Port အသင်းက တစ်မှတ်ရရှိထားသည်။

မောင်ညီ၊ ဓာတ်ပုံ–MNL

# လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ကောင်းထိုက်ဇော် လေးချက်လျှော့ရိုက်ပြီး ချန်ပီယံဆုဆွတ်ခူး

နေပြည်တော် ဩဂုတ် ၈

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ကကြီးမှူး၍ Golf (BG) ၏ အဓိက ကူညီပံ့ပိုးမှုဖြင့်ကျင်းပသော Burmese Golf Amateur Open Champion–ship ဂေါက်သီးရိုက်ပြိုင်ပွဲ၏ (စတုတ္ထ)နေ့ကို ယမန်နေ့က ရန်ကုန်ဂေါက်ကွင်း (တည င်းကုန်း) ၌ ဆက်လက်ကျင်းပရာ ကောင်းထိုက်ဇော်က စုစုပေါင်းရိုက်ချက် ၂၈၄ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် လေးချက်လျှော့ရိုက်ပြီး ချန်ပီယံဆုရရှိကာ ကျော်ကိုကိုချစ်က စုစုပေါင်းရိုက်ချက် ၂၉၆ ချက်ဖြင့် ဒုတိယဆုရရှိသည်။ ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲဆက်လက်ကျင်းပရာ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကိုကိုအေးက နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဦးအိုက်ပန်းက ရန်ကုန်ဂေါက်ကွင်း(တည င်းကုန်း) သို့ အမှတ်တရဂုဏ်ပြုလက်ဆောင်ပေးအပ်ရာ ရန်ကုန်ဂေါက်ကွင်းအထွေထွေမန်နေဂျာ ဦးသိန်းဇော်ဝေက လက်ခံရယူသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဦးတင်မောင်မောင်ဝင်းက ပြိုင်ပွဲအား အဓိက ကူညီပံ့ပိုးပေးသော Burmese Golf (BG)အား အမှတ်တရဂုဏ်ပြုလက်ဆောင်ပေးအပ်ရာ မန်နေးဂျင်းဒါရိုက်တာ ဦးကျော်ကိုကိုချစ်က လက်ခံရယူသည်။ ယင်းနောက် ဆုများချီးမြှင့်ရာ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဦးဝင်းမြင့်ချင်းက စုစုပေါင်းရိုက်ချက် ၂၉၆ ချက်ဖြင့် ဒုတိယဆုရရှိသော ကျော်ကိုကိုချစ်၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးက စုစုပေါင်းရိုက်ချက် ၂၈၄ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် လေးချက်လျှော့ရိုက်ကာ ပထမဆုရရှိသော ကောင်းထိုက်ဇော်တို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ရဲရင့်လွင်

⁜ *ကျောဖုံးမှ*

Divine အသင်းထက် ခုနစ်မှတ်အသာရကာ လက်ကျန်နှစ်ပွဲအလိုတွင် ချန်ပီယံဖြစ်ရန် သေချာခဲ့ခြင်းဖြစ်သည်။ အခြားပွဲများတွင် အား/ကာသိပ္ပံအသင်းက Divine အသင်းကို နှစ်ဂိုး–တစ်ဂိုး၊ Winner Generations အသင်းက မင်္ဂလာဒုံစီးတီးအသင်းကို ခြောက်ဂိုးပြတ်၊ Thunder Tigresses အသင်းက ရန်ကုန်စီးတီးအသင်းကို သုံးဂိုး – တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ပွဲစဉ် (၁၂) အပြီးတွင် YRG အသင်းက ၃၂ မှတ်၊ Thunder Tigresses အသင်းက ၂၅ မှတ်၊ Divine အသင်းက ၂၂ မှတ်၊ အား/ကာသိပ္ပံအသင်းက ၁၈ မှတ်၊ Pacific Sun Far အသင်းက ၁၆ မှတ်၊ ရန်ကုန်စီးတီးအသင်းက ၁၅ မှတ်၊ Winner Generations အသင်းက ရှစ်မှတ်ရရှိထားကာ မင်္ဂလာဒုံစီးတီးအသင်းမှာမူ ပွဲတိုင်းအရေးနိမ့်ပြီး အမှတ်မရသေးပေ။

ညီမြတ်သော်တာ၊ ဓာတ်ပုံ–MFF

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အခမ်းအနားသို့ တက်ရောက်အားပေး



**ရန်ကုန် ဩဂုတ် ၈**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ကမာရွတ်မြို့နယ် လေ့ကျင့်ရေးအထက်တန်းကျောင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်အားပေးကြသည်။

ဦးစွာ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူး ဒေါက်တာ ချိုချိုမြတ်အောင်၊ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်း၊ ကမာရွတ်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ဝေ၊ ကျောင်းအကျိုးတော်ဆောင်နာယက ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဒေါက်တာ မြတ်မြတ်အုန်းခင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြခန်းများကို လှည့်လည်ကြည့်ရှုပြီး စာစီစာကုံး၊ ကျပန်း၊ စာဖတ်စွမ်းရည်၊ စိတ်ကြိုက်ပန်းချီ၊ ဉာဏ်စမ်းပဟေဠိ၊ ကဗျာရွတ်ဆို၊ ပုံပြင်ပြော၊ ဆေးရောင်ခြယ်ပြိုင်ပွဲများနှင့် ဂိမ်းပြိုင်ပွဲများကို ကျောင်းသား ကျောင်းသူများ ယှဉ်ပြိုင်နေမှုအား ကြည့်ရှုအားပေးပြီး ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် ကမာရွတ်မြို့နယ် လေ့ကျင့်ရေးအထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ အခမ်းအနားကို ဆက်လက်ကျင်းပရာ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက "ပညာဘဏ်တိုက် စာကြည့်တိုက်" သီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး ကမာရွတ်မြို့နယ် လေ့ကျင့်ရေးအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက "မြန်မာ့ကျောင်း" သီချင်းဖြင့် သီဆိုဖျော်ဖြေသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး စာဖတ်ခြင်း၏ အကျိုးကျေးဇူးခေါင်းစဉ်ဖြင့် စာပေဟောပြောမည့် စာရေးဆရာ လင်းသိုက်ညွှန့်(မြန်မာ့မြေ) အား ဂုဏ်ပြုလက်ဆောင်နှင့် ဖျော်ဖြေရေးအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများထံ အလှူရှင်များက ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်အခမ်းအနားအတွက် အလှူငွေများ လှူဒါန်းကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကမာရွတ်မြို့နယ် လေ့ကျင့်ရေး အထက်တန်းကျောင်း နှင်းဆီခန်းမ၌ စာရေးဆရာမ ပုညခင်ဦးဆောင်၍ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများပါဝင်သည့် စာပေစကားဝိုင်းဆွေးနွေးပွဲကို ကြည့်ရှုအားပေးပြီး ပါဝင်ဆွေးနွေးသူများကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# အစေ့ထုတ်ပြောင်းစပ်မျိုး မျိုးစေ့ထုတ်လုပ်ခြင်းနှင့် မိဘမျိုးများ မျိုးသန့် မျိုးထိန်း မျိုးပွားများခြင်း သင်တန်းဖွင့်လှစ်



**နေပြည်တော် ဩဂုတ် ၈**

အစေ့ထုတ်ပြောင်းစပ်မျိုး မျိုးစေ့ထုတ်လုပ်ခြင်းနှင့် မိဘမျိုးများ မျိုးသန့်မျိုးထိန်း မျိုးပွားများခြင်း သင်တန်းကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွဋ်က ယခုသင်တန်းတွင် မျိုးစေ့ထုတ်လုပ်သူတစ်ယောက် သိသင့်သိထိုက်သည့် စတင်မစိုက်ပျိုးမီ မျိုးစေ့အရည်အသွေး အကဲဖြတ်သည်မှစ၍ ရိတ်သိမ်းပြီးချိန်၊ သိုလှောင်ချိန်၊ ဖြန့်ဖြူးချိန်အထိ မျိုးစေ့အရည်အသွေး ထိန်းသိမ်းခြင်းကို စာတွေ့လက်တွေ့ သင်ကြားပေးစေလိုကြောင်း၊ မျိုးစေ့ထုတ်လုပ်ငန်းတွင် တာဝန်ထမ်းဆောင်ကြမည့် သင်တန်းသားများအနေဖြင့် မိမိတို့လုပ်ငန်း အစဉ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အာမခံမှုပေးနိုင်ရေးအတွက် အလေးထားသင်ယူကြပြီး စဉ်ဆက်မပြတ်လေ့လာသွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များက အစေ့ထုတ်ပြောင်းစပ်မျိုး မျိုးစေ့ထုတ်လုပ်ခြင်းနှင့် မိဘမျိုးများ မျိုးသန့်မျိုးထိန်း မျိုးပွားများခြင်း လုပ်ငန်းစဉ်တွင် ပူးပေါင်းဆောင်ရွက်မည့် အခြေအနေ၊ ပုဂ္ဂလိကမျိုးစေ့ထုတ်ကုမ္ပဏီများနှင့် စပ်မျိုးပြောင်းမျိုးများ ပူးပေါင်းဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်တို့ကို ရှင်းလင်းပြောကြားကြသည်။

ယင်းနောက်တက်ရောက်လာကြသော ရွှေဝတီမျိုးစေ့ကုမ္ပဏီ၊ New Asia Hi- Tech Seed Co., Ltd၊ Top Partner Co.,Ltd၊ ဖွဲ့ထက်ဝေကုမ္ပဏီ၊ Aventine Limited Co.,ltd (အာမိုကုမ္ပဏီ)၊ Shinno Company၊ Agro Yadanar Co., Ltd၊ Myanmar Inno Farmers Co., Ltd တို့က ဆွေးနွေးတင်ပြကြသည်။

သင်တန်းတွင် စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် ပုဂ္ဂလိကမျိုးစေ့ထုတ်ကုမ္ပဏီများမှ သင်တန်းသား ၅၀ တက်ရောက်ကြပြီး စပ်မျိုးပြောင်းဖူး မျိုးကူးစပ်မွေးမြူခြင်းနည်းလမ်းများ၊ စပ်မျိုးပြောင်းမျိုးသစ်များရရှိရန် သုတေသနဆောင်ရွက်မှု၊ စိုက်ပျိုးနည်းစနစ်များနှင့် သက်တမ်းအလိုက် အပင်ပြုစုနည်းစနစ်များ၊ စပ်မျိုးပြောင်းမျိုးစေ့ထုတ်လုပ်ခြင်း၊ မိဘလိုင်းများ မျိုးသန့်မျိုးထိန်းမျိုးပွားများခြင်း၊ ပြောင်းဖူးသီးနှံတွင် ကျရောက်တတ်သော ပိုးမွှား၊ ရောဂါများ၊ မျိုးစေ့ဥပဒေနှင့် အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေဆိုင်ရာ သိကောင်းစရာများကို ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ထိုင်းနိုင်ငံတွင် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် ထုတ်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၈**

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ထိုင်းနိုင်ငံ၌ရှိသော မြန်မာအလုပ်သမားများကို ထိုင်းနိုင်ငံ၏ အလုပ်သမားဥပဒေပါ ခံစားခွင့်များ ရရှိနိုင်စေရေး၊ အလုပ်လုပ်ကိုင်ခွင့် သက်တမ်းအပြည့်အဝရရှိစေရေးနှင့် အလုပ်သမားရေးရာကိစ္စရပ်များ ဖြစ်ပေါ်လာသည့်အချိန် လွယ်ကူလျင်မြန်စွာ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးအတွက် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certifi- cate of Identity- CI ) ထုတ်ပေးရေးလုပ်ငန်းစဉ်ကို ထိုင်းနိုင်ငံ စမုစခွန်၊ စမုပရာကန်၊ ဆူရတ်ဌာနီနှင့် ချင်းမိုင်တို့တွင် စခန်းလေးခု ဖွင့်လှစ်ပြီး ၂၀၂၅ ခုနှစ် ဩဂုတ် ၆ ရက်မှ စတင်ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ စခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးလျက် ရှိရာတွင် ထိုင်းစံတော်ချိန် နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၄ နာရီခွဲအထိ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် အပတ်စဉ် တနင်္လာနေ့နှင့် မြန်မာသံရုံး (ဗန်ကောက်မြို့)မှ သတ်မှတ်ထားသော ရုံးပိတ်ရက်များကို အလုပ်နားရက်အဖြစ် သတ်မှတ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဇေယျာသီရိမြို့နယ်၌ သမဝါယမအသင်းသား တောင်သူများ၏ မိုးစပါးစိုက်ပျိုးထားရှိမှု ကွင်းဆင်းကြည့်ရှု

**ဇေယျာသီရိ ဩဂုတ် ၈**

ဇေယျာသီရိမြို့နယ် သစ်တပ်ကျေးရွာအုပ်စု ကြို့ပင်ကျေးရွာ ကြို့ပင်စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းသား ဦးတင်ဦး၏ မိုးစပါးစိုက်ကေ ၁ ဒသမ ၃၀ ဧကတွင် ထိုင်းနံ့ကောက်စပါးမျိုးအား မျိုးစေ့ချကိရိယာ(Seeder)ဖြင့် စိုက်ပျိုးဆောင်ရွက်ထားရှိမှု၊ ခေတ်အေးကျေးရွာအုပ်စု မရင်းကြီးကျေးရွာ ဒေါ်ခင်ဝင်း၏ မိုးစပါးစိုက်ကေ ၂ ဒသမ ၅၀ ဧကနှင့် ဦးတင်ဝင်း၏ ၁ ဒသမ ၂၅ ဧကတွင် ဆင်းသုခစပါးမျိုးများ စိုက်ပျိုးဆောင်ရွက်ထားရှိမှုတို့ကို တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် နေပြည်တော်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဆုယဉ်မြင့်က ယခုနှစ်မိုးစပါးစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မိုးစပါးစိုက်ပျိုးကေအားလုံး ပန်းတိုင်ရည်မှန်းချက် အထွက်နှုန်းပြည့်မီစေရေးအတွက် အသင်းသားတောင်သူများက မိမိတို့၏လယ်ယာမြေများ ယခင်နှစ်များထက် စပါးအထွက်နှုန်းပိုမိုတိုးလာစေရန်နှင့် ဦးစီးဌာနမှလည်း စဉ်ဆက်မပြတ် ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**

# ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲ တံခွန်စိုက်ဒိုင်းဆုရ မွန်ပြည်နယ် အမျိုးသမီးပိုက်ကျော်ခြင်းအသင်းအား ဂုဏ်ပြုပွဲကျင်းပ



**မော်လမြိုင် ဩဂုတ် ၈**

၂၀၂၅ ခုနှစ်တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် တံခွန်စိုက်ဒိုင်းဆုရ မွန်ပြည်နယ် အမျိုးသမီးပိုက်ကျော်ခြင်းအသင်းအား ယနေ့မွန်းလွဲပိုင်းက မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ၊ အားကစားဝါသနာရှင်များက ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့တွင် ဂုဏ်ပြုပန်းစည်းများဖြင့် ကြိုဆိုကြသည်။

ထို့နောက် ဂုဏ်ပြုပွဲအခမ်းအနားကို ပြည်နယ်အစိုးရအဖွဲ့ရုံးရာမညခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်အတွက် ပထမဆုဖလားရယူလာသည့် အောင်မြင်မှုကိုထိန်းသိမ်းပြီး နောင်လာမည့်ပြိုင်ပွဲများတွင် တံခွန်စိုက်ဒိုင်းဆုရရှိအောင် ဆက်လက်ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် အောင်ပွဲရ မွန်ပြည်နယ်ပိုက်ကျော်ခြင်းအသင်းက တံခွန်စိုက်ဆုဖလားကို ပြည်နယ်အစိုးရအဖွဲ့သို့အပ်နှံပြီး ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူကာ ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တံခွန်စိုက်ဒိုင်းဆုရ မွန်ပြည်နယ်အမျိုးသမီးပိုက်ကျော်ခြင်းအသင်း နည်းပြနှင့်အုပ်ချုပ်သူတို့က ပြိုင်ပွဲအတွေ့အကြုံများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

**စည်သူ(ပြန်/ဆက်)**

# နည်းပညာရှင်လူငယ်များကို စံအရည်အသွေးပြည့်မီစွာ စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရေး အလေးထားဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၈**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် မွန်ပြည်နယ်သယံဇာတရေးရာဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက အစိုးရစက်မှုလက်မှုသိပ္ပံ (မော်လမြိုင်) အစည်းအဝေးခန်းမ၌ အဆိုပါစက်မှုလက်မှုသိပ္ပံမှ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက မော်လမြိုင်စက်မှုဇုန်နှင့် ဒေသတွင်းရှိ စိုက်ပျိုးမွေးမြူရေးကုန်ကြမ်းအခြေပြု စက်မှုကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ် အထောက်အကူပြုနိုင်မည့် နည်းပညာရှင်လူငယ်များကို စံအရည်အသွေးပြည့်မီစွာ စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရေး အလေးထားဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားပြီး စာသင်ခန်းများ၌ အင်ဂျင်နီယာ ဘာသာရပ်များကို စိတ်ဝင်စားစွာ သင်ကြားနေကြသော ကျောင်းသားများကို နှုတ်ဆက်အားပေးစကားပြောကြားကာ ကျောင်းသားများထံ သုတေသနထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် စာကြည့်တိုက်၌ စာပေလေ့လာဖတ်ရှုလျက်ရှိသော ကျောင်းသားများ၊ စာကြည့်တိုက်အတွင်း အခန်းပြင်ဆင်ဖွဲ့စည်းထားရှိမှုနှင့် စာအုပ်များထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားပြီး ကျောင်းသားများအတွက် နည်းပညာ၊ သုတ၊ ရသ စာအုပ်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၂၀ အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၁၀ ဦး ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

**နေပြည်တော် ဩဂုတ် ၈**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park) နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား ၁၉ ဦးနှင့် ပါကစ္စတန်နိုင်ငံသားတစ်ဦး စုစုပေါင်း ၂၀ အား ယနေ့တွင် မြန်မာ-ထိုင်းအမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင့်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၁၀ ဦးကို ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့် တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ဆက်လက်၍ ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံရုံးမှ Assistant/ official Mr. Muhammad Umar နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံရုံးမှ Attache and Assistance to Nationals Officer Ms. Musetar C. Moso နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှတာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ထို့အတူ မြဝတီမြို့ - ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး (KK Park) နယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှ တစ်ဆင့် ဝင်ရောက်နေကြသည့် တောင်အာဖရိက နိုင်ငံသားတစ်ဦး၊ နိုင်ဂျီးရီးယားနိုင်ငံသား တစ်ဦး၊ ဖိလစ်ပိုင်နိုင်ငံသား နှစ်ဦး၊ တရုတ်နိုင်ငံသား ငါးဦးနှင့် မလေးရှားနိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၁၀ ဦး ယနေ့တွင် ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဩဂုတ် ၈ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၃၃၁ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၀၉၈ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၃၃ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် အွန်လိုင်းအသုံးပြု လိမ်လည်မှု (Online Scam) နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများ အားလုံးကို စုံစမ်းဖော်ထုတ်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများ အပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် စဉ်ဆက်မပြတ် တက်ကြွစွာ ဖော်ထုတ်အရေးယူ ဆောင်ရွက်လျက်ရှိသည့်အပြင် အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**❏ မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ကမ္ဘာလုံးဆိုင်ရာ မသေချာမှုများကြားတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများကြား စည်းလုံးညီညွတ်မှုအားကောင်းရန်လိုအပ်ဟု မလေးရှားဝန်ကြီးချုပ်ပြော

ဂျကာတာ ဩဂုတ် ၈

**ကမ္ဘာလုံးဆိုင်ရာ မသေချာမရေရာမှုများကြားတွင် ကြီးထွားလာနေသောစိန်ခေါ်မှုများကို ရင်ဆိုင်ရန် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) အဖွဲ့ဝင်နိုင်ငံများအား စည်းလုံးညီညွတ်မှု အားကောင်းစေရန်နှင့် ကြိုတင်ပြင်ဆင်မှုများ တိုးမြှင့်လုပ်ဆောင်ရန် မလေးရှားဝန်ကြီးချုပ် အန်ဝါအီဘရာဟင်က ဩဂုတ် ၈ ရက်တွင် တိုက်တွန်းခဲ့သည်။**



မဟာဗျူဟာမြောက်ပြိုင်ဆိုင်မှုသည် ယခုအချိန်တွင် ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာနှင့်ကုန်ပစ္စည်း ရွေ့လျားမှုကို ဖန်တီးပုံဖော်လျက်ရှိသည်။ ကမ္ဘာ့စီးပွားရေးသည် အကွဲကွဲအပြားပြားဖြစ်နေပြီး စီးပွားရေးကို အဓိကအားဖြင့် တွန်းအားပေးသည့် ဆုံးဖြတ်ချက်များသည် ပထဝီနိုင်ငံရေးအရ ပို၍ပို၍ ရုပ်လုံးပေါ်လာသည်ဟု ဂျကာတာမြို့ရှိ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၌ ကျင်းပသည့် (၅၈)နှစ်မြောက် အာဆီယံနေ့အခမ်းအနား ဗီဒီယိုမိန့်ခွန်းတွင် ၎င်းက ပြောကြားခဲ့သည်။

ယခုလိုအချိန်တွင် အာဆီယံစည်းလုံးညီညွတ်ရေးသည် ယခင်ကထက် ပိုအရေးကြီးသည်ဟု အန်ဝါက အလေးအနက်ပြောကြားခဲ့သည်။

အာဆီယံ၏ ပြတ်ပြတ်သားသား ပြောဆိုနိုင်မှု၊ ထိထိရောက်ရောက် ညှိနှိုင်းဆောင်ရွက်နိုင်မှု၊ မျှဝေခံစားခွင့်များကို ကာကွယ်နိုင်မှုသည် လာမည့်နှစ်များတွင် အာဆီယံ၏ အလားအလာကို ဆုံးဖြတ်ပေးမည်ဖြစ်ကြောင်း ၎င်းက အလေးအနက်ပြောကြားခဲ့သည်။

အာဆီယံ၏အင်အားသည် ၎င်း၏ ပွင့်လင်းမြင်သာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ပံ့ပိုးကူညီလိုသည့် အဖွဲ့ဝင်နိုင်ငံများ၏ လိုလားချက်ပေါ်တွင် တည်မှီနေကြောင်း အန်ဝါက မီးမောင်းထိုးပြခဲ့သည်။

ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုမှသည် ကာဗွန်ထုတ်လွှတ်မှုလျှော့ချသည်အထိ အကူးအပြောင်းကာလများတွင် အာဆီယံသည် မိမိတို့၏ပြည်သူများကို ဖြစ်ပေါ်လာသောအခြေအနေများနှင့်ကိုက်ညီပြီး ကြီးပွားတိုးတက်အောင် ကူညီပေးရမည်ဖြစ်ကြောင်း၊ ထို့ပြင် ကျွမ်းကျင်မှု၊ အခြေခံအဆောက်အအုံနှင့်အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်များတွင် ဆက်လက်ရင်းနှီးမြှုပ်နှံရမည်ဖြစ်ကြောင်း အန်ဝါက ပြောကြားခဲ့သည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် ကျွမ်းကျင်သောလူ့စွမ်းအားအရင်းအမြစ်များ ပြင်ဆင်ရေးနှင့်အားလုံးပါဝင်နိုင်သော၊ ရေရှည်တည်တံ့သော၊ ကျယ်ကျယ်ပြန့်ပြန့်မျှဝေခံစားနိုင်သော တိုးတက်ဖြစ်ထွန်းမှုများကို အဓိကထားဆောင်ရွက်ရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဆင်ဟွာ

## တစ်ကမ္ဘာလုံးဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု ရန်ပုံငွေပြတ်တောက်မှုနှင့်ပတ်သက်၍ ကုလသမဂ္ဂက သတိပေးချက်ထုတ်ပြန်

ဂျီနီဗာ ဩဂုတ် ၈



၂၀၂၅ ခုနှစ်တွင် တစ်ကမ္ဘာလုံးဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု လိုအပ်ချက်များကိုဖြည့်ဆည်းရန် လိုအပ်သော အမေရိကန်ဒေါ်လာ ၄၆ ဘီလီယံ၏ ၁၇ ရာခိုင်နှုန်းအောက်ကိုသာ ယခုအချိန်အထိ လက်ခံရရှိထားကြောင်း ကုလသမဂ္ဂပြောရေးဆိုခွင့်ရှိသူက ဩဂုတ် ၇ ရက်တွင် ပြောသည်။

နှစ်ဝက်ကျော်လာပြီ ဖြစ်သော်လည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ရန်ပုံငွေမှာ အခြေအနေ ဆိုးရွားနေဆဲဖြစ်သည်ဟု ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ လက်ထောက်ပြောရေးဆိုခွင့်ရှိသူ ဖာဟန်ဟတ်က သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

လွန်ခဲ့သောနှစ် အလားတူအချိန်နှင့်နှိုင်းယှဉ်လျှင် ရန်ပုံငွေလက်ခံရရှိမှု ၄၀ ရာခိုင်နှုန်းအောက် လျော့ကျနေသည်ဟု ၎င်းကဆက်ပြောသည်။

ရန်ပုံငွေများ လိုငွေပြနေခြင်းမှာ အကူအညီလိုအပ်နေသည့် သန်းနှင့်ချီသော လူများအတွက် လိုအပ်သည့်အကူအညီများ မရလျှင် ငတ်မွတ်တော့မည်ဖြစ်ကြောင်း သတိပေးချက်တစ်ခုဖြစ်သည်ဟု ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

ဇွန်လအတွင်းက နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုစနစ်တွင် ရန်ပုံငွေဖြတ်တောက်ခံရမှု အဆိုးဆုံးအခြေအနေနှင့်တွေ့ကြုံခဲ့ပြီး အိုစီအိတ်ချ်အေ (လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး) သည် အကူအညီ အရေးပေါ်လိုအပ်နေသည့် လူပေါင်း ၁၁၄ သန်းကို အကူအညီပေးရန် အထူးဦးစားပေးရမည့် တစ်ကမ္ဘာလုံးဆိုင်ရာ မေတ္တာရပ်ခံမှုကို စတင်ခဲ့သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဆင်ဟွာ

## ဂါနာနိုင်ငံသည် ၂၀၃၀ ပြည့်နှစ်တွင် ကာကွယ်ဆေးဖူလုံရန် ရည်မှန်းထား

အက်ခရာ ဩဂုတ် ၈

ဂါနာနိုင်ငံသည် ၂၀၃၀ ပြည့်နှစ်၌ အသက်ကယ် ကာကွယ်ဆေးများ ထောက်ပံ့မှုတွင် ဖူလုံလာစေရန် အရှိန်မြှင့်တင်ကြိုးပမ်းသွားမည်ဟု သမ္မတ ဂျွန်ဒရာမာနီ မဟာမာက ပြောသည်။

၂၀၃၀ ပြည့်နှစ်တွင် တစ်ကမ္ဘာလုံးဆိုင်ရာ ကာကွယ်ရေး အုပ်စုဂါဗီမှ ထွက်ခွာရာတွင် ယခုခြေလှမ်းမှာ ဂါနာနိုင်ငံအတွက် အရေးကြီးကြောင်း ဩဂုတ် ၆ ရက်တွင် အက်ခရာမြို့၌ ပြုလုပ်သည့် ကာကွယ်ဆေးထုတ်လုပ်ခြင်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဖိုရမ်တွင် သမ္မတက ပြောသည်။

အစိုးရက အမျိုးသားကာကွယ်ဆေးဌာနသို့ နောက်ထပ်ရန်ပုံငွေ အမေရိကန်ဒေါ်လာသန်း ၅၀ ပေးသွားမည်ဟု ကတိပြုထားပြီး စုစုပေါင်းဒေါ်လာ ၇၅ သန်းကို နိုင်ငံအတွင်း ကာကွယ်ဆေးထုတ်လုပ်မှု အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်းနှင့် တပ်ဆင်ခြင်းတို့အတွက် ရင်းနှီးမြှုပ်နှံသွားမည်ဟု သမ္မတက ပြောသည်။

ကိုဗစ် -၁၉ ကပ်ရောဂါကာလက အရေးကြီးသည့်သင်ခန်းစာများ ရရှိခဲ့ကြောင်း အာဖရိကသည် တစ်ကမ္ဘာလုံးဆိုင်ရာကာကွယ်ဆေးထုတ်လုပ်မှု၏ ၁ ရာခိုင်နှုန်းအောက်လျော့နည်းသည့်ပမာဏကိုသာ လက်ခံရရှိခဲ့ကြောင်း ၎င်းကဆက်ပြောသည်။

ဂါနာနိုင်ငံသည် ၂၀၂၃ ခုနှစ် ဧပြီလတွင် အမျိုးသားကာကွယ်ဆေးအင်စတီကျူကို စတင်တည်ထောင်ခဲ့သည်။

ဆင်ဟွာ

## နယ်သာလန်နိုင်ငံက ဂါဇာဒေသသို့ လေကြောင်းမှ အကူအညီများ စတင်ချထားပေး

သည်ဟိတ် ဩဂုတ် ၈

ဂါဇာကမ်းမြောင်ဒေသသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ လေကြောင်းမှ ချထားပေးခြင်းကို နယ်သာလန်နိုင်ငံက စတင်လုပ်ဆောင်ခဲ့သည်ဟု နယ်သာလန်အသံလွှင့်ဌာန အင်န်အိုအက်စ်က ဩဂုတ် ၈ ရက်တွင်ဖော်ပြခဲ့သည်။



ဂါဇာကမ်းမြောင်ဒေသ၌ လေကြောင်းမှ အကူအညီများ ချထားပေးစဉ်။

ဂျော်ဒန်နိုင်ငံ၏ တောင်းဆိုချက်အရ အဆိုပါမစ်ရှင်အား စတင်ခဲ့ခြင်းဖြစ်ပြီး လွန်ခဲ့သည့်သီတင်းပတ်က နယ်သာလန်အစိုးရအဖွဲ့သည် ယင်းသို့ လုပ်ဆောင်ရန် အတည်ပြုခဲ့သည်။

ဩဂုတ် ၈ ရက်နေ့တွင် လေကြောင်းမှ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ချထားပေးမှုစတင်ခဲ့ပြီး လာမည့်နှစ်ပတ်အတွင်း နေ့စဉ်အကူအညီများချထားပေးမှု လုပ်ဆောင်သွားမည်ဟု နယ်သာလန်အသံလွှင့်ဌာနက ပြောသည်။ လေထီးများနှင့်အတူ တွဲ၍ ချထားပေးသည့် အထုပ်များထဲတွင် သောက်ရေ၊ ဆေးဝါးများနှင့် တာရှည်ခံအစားအစာများ ပါဝင်သည်။

ဆင်ဟွာ

## ဂျပန်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှု မြင့်တက်

တိုကျို ဩဂုတ် ၈

ဂျပန်နိုင်ငံရှိ ဆေးဘက်ဆိုင်ရာအဖွဲ့အစည်းများတွင် ကိုရိုနာဗိုင်းရပ်ကူးစက်ခံရသူ ပိုများလာသည်ကို တွေ့ရပြီး ဆေးခန်းတစ်ခုလျှင် ပျမ်းမျှလူနာဦးရေမှာ ဖေဖော်ဝါရီလနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ငါးဦးအထိ မြင့်တက်လာခဲ့သည်။ လူပေါင်း ၂၁၃၆၅ ဦး ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရကြောင်း ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။ ကူးစက်ခံရသောကိန်းဂဏန်းပမာဏသည် လွန်ခဲ့သော သီတင်းပတ်ထက် ၅၄၄၁ ဦး တိုးလာခဲ့သည်။

ဆေးဘက်ဆိုင်ရာ အဖွဲ့အစည်းတစ်ခုလျှင် ကိုရိုနာဗိုင်းရပ်ကူးစက်လူနာပျမ်းမျှအရေအတွက်သည် ၅ ဒသမ ၅၃ ဦး ဖြစ်သည်။ ၎င်းသည် ယခင်သီတင်းပတ်ထက် ၁ ဒသမ ၃၄ ဆ ပိုများပြီး အပတ်စဉ်သတ္တမမြောက်သီတင်းပတ်အဖြစ် ကိုရိုနာဗိုင်းရပ်ကူးစက်ခံရသူ ဆက်တိုက်တိုးလာခြင်းဖြစ်သည်။

တာဝန်ရှိသူများက ပြည်သူများအား လက်ဆေးခြင်းနှင့် လေဝင်လေထွက်ကောင်းအောင်ကြိုတင်ဆောင်ရွက်ထားရန် တိုက်တွန်းထားသည်။ ထို့ပြင် သက်ကြီးရွယ်အိုများ၊ ကျန်းမာရေးနောက်ခံအခြေအနေရှိသူများနှင့်တွေ့ဆုံသည့်အခါ မျက်နှာဖုံးများဝတ်ဆင်ရန်လည်း အကြံပြုထားသည်။

အင်န်အိတ်ချ်ကေ

# တရားမဝင်သစ်မျိုးစုံ၊ ရေနံခတ်ငွေ့ရည်များ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၈**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက် အ.ထ.က(၈)ကျောင်းအနီးရှိ “အောင်” ဂတ်စ်အရောင်းဆိုင်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ရေနံခတ်ငွေ့ရည် (အရည်အပြည့်ပါ) ဆလင်ဒါ အလုံး ၂၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၂၉၈၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဩဂုတ် ၆ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် သာယာကုန်းကျေးရွာအနီး၌ မော်တော်ယာဉ်ခုနစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၃၃ မျိုး၊ လုပ်ငန်းသုံးပစ္စည်း ကိုးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၆၄၀၈၅၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck နှစ်စီး၊ Isuzu Giga Truck နှစ်စီး Mitsubishi Canter Truck တစ်စီး၊ Mitsubishi Fuso Truck တစ်စီး၊ စက်မှုဇုန်ထုတ် Myanmar Yangon Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ဘားအံမြို့နယ် အုန်းတပင်ကျေးရွာအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၆၄၀၈၅၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား (မန္တလေး)စစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ ရွှေဘိုမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၃၇၇၆၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၅၃၇၇၆၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ် (ကုန်လှောင်ရုံ)၌ ကျောက်စိမ်းဟု ယူဆရသော လက်ကောက်လေးကွင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဩဂုတ် ၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၂၄ ဒသမ ၆၀၃ တန်၊ သစ်မာ ၀ ဒသမ ၇၉၄ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၁၂၈၃၈၂ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဩဂုတ် ၇ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် ၁၂ စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၂၂ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၄ ရက်၊ ၆ ရက်နှင့် ၇ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၆ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၀၀၀၄၄၄၂) ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာ ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီး စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

**၈ - ၈ - ၂၀၂၅ ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်** ဘီလီယံ- စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး |
|---|---|---|---|---|
| FMI | ၇၂၀၀ | ၇၁၀၀ | ၆၃၁ | ၄၅၀၀၁၀၀ |
| MTSH | ၃၁၅၀ | ၃၁၅၀ | ၄၃၆ | ၁၃၇၀၉၀၀ |
| MCB | ၇၇၀၀ | ၇၇၀၀ | ၁ | ၇၇၀၀ |
| FPB | ၂၀၀၀ | ၂၀၀၀ | ၃၁ | ၆၂၀၀၀ |
| TMH | ၂၆၀၀ | ၂၆၀၀ | ၁၀၀၀ | ၂၆၀၀၀၀၀ |
| EFR | ၁၅၅၀ | ၁၆၅၀ | ၂၇၈၀ | ၄၄၈၅၆၀၀ |
| AMATA | ၃၂၀၀ | ၃၄၅၀ | ၇၆၃ | ၂၅၀၃၈၅၀ |
| MAEX | ၃၂၅၀ | ၃၂၅၀ | ၀ | ၀ |



ဩဂုတ် ၈ ရက်က ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ဟိုတယ်၊ မိုတယ်များအား မီးလောင်မှု၊ မီးလန့်မှုမဖြစ်ပေါ်စေရေးနှင့် ဖြစ်ပွားလာပါက အရေးပေါ်မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ စနစ်တကျအသုံးပြုတတ်စေရန်အတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးငြိမ်းချမ်းအောင် ဦးဆောင်သည့် တပ်ဖွဲ့ဝင်များ လိုက်လံစစ်ဆေးဆောင်ရွက်စဉ်။ ဘုန်းမြတ်

# တိုက်ကြီးမြို့နယ်၌ အောင်နိုင်တိုးစပါးမျိုးသစ် ကွင်းပြပွဲ ကျင်းပ

**တိုက်ကြီး ဩဂုတ် ၈**

တိုက်ကြီးမြို့နယ်၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူး၍ အောင်နိုင်တိုး စပါးမျိုးသစ် ကွင်းပြပွဲကို ယနေ့နံနက်က ဥပ္ပုံကျေးရွာအုပ်စု အောင်နိုင်တိုးစပါးမျိုးသစ် စိုက်ပျိုးထားသည့် ကွင်းအမှတ် ၇၄၁ ရှိ တောင်သူ ဦးမောင်မောင်ညွန့်၏ လယ်မြေငါးဧက စံပြကွက်၌ ဆောင်ရွက်သည်။



ဦးစွာ ခရိုင်စိုက်ပျိုးမှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသူအောင်က တောင်သူများအနေဖြင့် မိမိတို့လယ်ယာမြေများကို တန်ဖိုးထားလုပ်ကိုင်ဆောင်ရွက်ရေး၊ ထွက်ရှိလာသည့် သီးနှံကုန်ကြမ်းများမှ ကုန်ချောအဖြစ် ရောင်းချနိုင်ရေး၊ မျိုး၊ မြေ၊ ရေ၊ နည်း နည်းလမ်းများနှင့်အညီ စနစ်တကျစိုက်ပျိုးရေး၊ ကြဲပက်စိုက်ပျိုးစနစ်မှ ကောက်စိုက်စက်၊ မျိုးစေ့ချကိရိယာများဖြင့် စိုက်ပျိုးနိုင်ရေး၊ သီးနှံများ သတ်မှတ်ပန်းတိုင် အထွက်နှုန်းရရှိရေး၊ သဘာဝမြေဩဇာကို တောင်သူများ ကိုယ်တိုင်ပြုလုပ်သုံးစွဲရေး၊ ဆည်ရေများကို အကျိုးရှိရှိသုံးစွဲရေးနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ မျိုးစေ့ချကိရိယာနှင့် ဓာတ်မြေဩဇာများ ပံ့ပိုးပေးထားပြီဖြစ်သဖြင့် တောင်သူများက ကြိုးစားဆောင်ရွက်ရေး ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးနိုင်က မြို့နယ်အတွင်း အောင်နိုင်တိုးစပါးမျိုးသစ် ပြန့်ပွားနိုင်ရေး၊ အလားအလာကောင်းသော ပြည်တွင်းထုတ်လုပ်သည့် စပါးမျိုးသစ်များကို ပိုမိုတိုးချဲ့စိုက်ပျိုးလာနိုင်ရေး၊ စပါးမျိုးသစ်များ ထုတ်လုပ်မှုကဏ္ဍတွင် တောင်သူများ ကိုယ်တိုင်ပါဝင်ခြင်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

**ဝတ်ရည်(ပြန်/ဆက်)**

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစား ကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## မြစ်ကြီးနားမြို့၌ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် ပြိုင်ပွဲများကျင်းပ



**မြစ်ကြီးနား ဩဂုတ် ၈**

ဩဂုတ်လ ၁၂ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ် တက္ကသိုလ်အဆင့်နှင့် အခြေခံပညာအဆင့် စာစီစာကုံး၊ ကဗျာစပ်ဆိုနှင့် ဆောင်းပါးပြိုင်ပွဲများကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့ လူထုအခြေပြုဇဟိုဌာန၌ ယနေ့နံနက်က ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲများကျင်းပရာတွင် တက္ကသိုလ်အဆင့် စာစီစာကုံးပြိုင်ပွဲကို "တို့ချစ်သည့် တို့နိုင်ငံ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ တက္ကသိုလ်အဆင့် ဆောင်းပါးပြိုင်ပွဲကို "အနာဂတ် နိုင်ငံတော်နှင့် ယနေ့လူငယ်တို့၏ အမြင်" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အထက်တန်းနှင့်အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို "စိမ်းစိုလှပရှုမဝ ကချင်ပြည်နယ်၏ သဘာဝအလှ" ခေါင်းစဉ်ဖြင့် လည်းကောင်း ကျင်းပခဲ့ပြီး ဩဂုတ် ၉ ရက်တွင် အခြေခံပညာအဆင့် ပန်းချီပြိုင်ပွဲကိုလည်း ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ်အဖြစ် စကားရည်လုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲနှင့် သီချင်းဆိုပြိုင်ပွဲများကို ဩဂုတ် ၁၀ ရက်မှ ၁၁ ရက်အထိ ပြည်နယ်မိုးလုံလေလုံ အားကစားခန်းမ၌ ဆက်လက်ကျင်းပသွားမည်ရာ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူ ၂၃၀ ပါဝင် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဆင်ပေါင်ဝဲမြို့နယ်၌ မီးခိုးမြူငွေ့လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြော

**ဆင်ပေါင်ဝဲ ဩဂုတ် ၈**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ပူးပေါင်း၍ မီးခိုးမြူငွေ့လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ကြာအင်းကျေးရွာ၌ ကျင်းပသည်။

ဦးစွာ သရက်ခရိုင်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဟန်သီရိအောင်က ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ရမည့် မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေး အကြောင်း သိကောင်းစရာများကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဇေယျက ကျေးလက်နေပြည်သူများ သန့်ရှင်းသော သဘာဝပတ်ဝန်းကျင်နှင့် ကောင်းမွန်သော လူနေမှုစနစ်များ ရရှိစေရန် ကျေးရွာများ၌ အမှိုက်ကန်များ ဆောင်ရွက်ထားရှိ၍



အမှိုက်များ စနစ်တကျ စွန့်ပစ်ရေး၊ သစ်တောသစ်ပင်များ ကာကွယ်ထိန်းသိမ်းရေး စသည့်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ သိကောင်းစရာများကို ဆွေးနွေးပြောကြားပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

**ငြိမ်းသူ**

## ကြံမျိုးကောင်းမျိုးသန့် စိုက်ပျိုးခြင်းဖြင့် ကြံအထွက်နှုန်းတိုးရေး ကွင်းသရုပ်ပြ

**ဖြူး ဩဂုတ် ၈**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန သကြားထွက်



သီးနှံဌာန(ခွဲ)၊ ကြံသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(ညောင်ပင်သာ)နှင့် ဆင်ဖြူတော်သကြားစက်တို့ ပူးပေါင်း၍ ကြံစိုက်ပျိုးရာတွင် ကြံမျိုးကောင်းမျိုးသန့်စိုက်ပျိုးခြင်းဖြင့် ကြံအထွက်နှုန်းတိုးရေးအတွက် ကွင်းသရုပ်ပြရှင်းလင်းခြင်းကို ယမန်နေ့က ကြံသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(ညောင်ပင်သာ)၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကြံစိုက်နယ်မြေများဖြစ်သည့် ဖြူးမြို့နယ်၊ အုတ်တွင်းမြို့နယ်၊ ကျောက်ကြီးမြို့နယ်တို့ရှိ ကြံစိုက်တောင်သူများအား ကြံမျိုးကောင်းမျိုးသန့် ဖြန့်ဖြူးပေးနိုင်မည့်လုပ်ငန်းများ၊ ကြံစိုက်ပျိုးနည်းစနစ်များ၊ ကြံစိုက်စက်ဖြင့် စိုက်ပျိုး ခြင်းလုပ်ငန်းနှင့် ကြံစိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်ချက်များ ညှိနှိုင်းဆွေးနွေး၍ ကွင်းသရုပ်ပြရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နေမျိုးလွင် (ပြန်/ဆက်)**

## စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက်စနစ်ဖြင့် စာအုပ်၊ စာစောင်များ ငှားရမ်းပေး

**တာလေ ဩဂုတ် ၈**

တာလေမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက်စနစ်ဖြင့် စာဖတ်ပရိသတ်ထံ လက်ဝယ်အရောက် စာအုပ်၊ စာစောင်များ ငှားရမ်းပေးခြင်းကို အပတ်စဉ် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ဌာနဆိုင်ရာရုံးများထံ သွားရောက်အခမဲ့ငှားရမ်းပေးသည်။

ထိုသို့ငှားရမ်းပေးရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ရသစာအုပ်ပေါင်း ၁၅၀ ကို သယ်ဆောင်၍ တာလေမြို့ရှိ စည်ပင်သာယာရေးဦးစီးဌာနက ယခင်အပတ် ငှားရမ်းထားသော စာအုပ်၊ စာစောင်များ ပြန်လည်အပ်နှံမှုကို လက်ခံခြင်း၊



စာအုပ်၊ စာစောင်အသစ်များ ထပ်မံငှားရမ်းပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ရဲထက်ဦး(ပြန်/ဆက်)**



## မိုင်းပန်မြို့နယ်၌ လူငယ်စကားဝိုင်းဆွေးနွေးပွဲကျင်းပ

**မိုင်းပန် ဩဂုတ် ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ အခြေခံပညာအထက်တန်းကျောင်း၌ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ်အကြို လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယမန်နေ့က ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နန်းအေးအေးအောင်က လူငယ်စကားဝိုင်းဆွေးနွေးပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူများက ပတ်ဝန်းကျင်ကို တန်ဖိုးထားပါ၊ သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းကြပါစို့၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် လူငယ်တစ်ယောက်၏ တာဝန်၊ ဘိန်းစားဆေးဝတ် ဆေးမပြတ်တယ်နှင့် လူငယ်များ၏ ရွှေရောင်မနက်ဖြန် စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးသည်။ ဆက်လက်၍ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များ အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ကျေးရွာအုပ်စု ၂၂ အုပ်စု ထုတ်ချေးပြီးစီး

**ကံမ ဩဂုတ် ၈**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်၌ တောင်သူများ စိုက်ပျိုးထုတ်လုပ်မှု အဆင်ပြေချောမွေ့စေရန်အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ၂၀၂၅ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၅၁ အုပ်စုမှ ဘဏ်အဖွဲ့ဝင်တောင်သူများအား ထုတ်ချေးပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ထန်းတောကျေးရွာအုပ်စုနှင့် အလယ်ချောင်းကျေးရွာအုပ်စုတို့မှ တောင်သူ ၁၉၄ ဦးတို့၏ မိုးစပါးစိုက်ဧက ၄၃၅ ဧကနှင့် နှမ်းစိုက်ဧက ၁၀ ဧကတို့အတွက် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေကျပ် ၆၆၂ ဒသမ ၅ သိန်းအား ထုတ်ပေးခဲ့ရာ ကျေးရွာအုပ်စု ၂၂ အုပ်စု ထုတ်ချေးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ထိုသို့ ထုတ်ပေးရာတွင် ကံမမြို့နယ်၌ ငွေကျပ်သိန်းပေါင်း ၃၀၀၀၀ ကို ထုတ်ချေးပေးရန် လျာထားပြီး မိုးစပါးစိုက်ပျိုးမြေ တစ်ဧကလျှင် ငွေကျပ် တစ်သိန်းငါးသောင်းနှုန်း မြေပဲ၊ နှမ်း အစရှိသည့် အခြားသီးနှံစိုက်ဧက တစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ကျေးရွာအုပ်စုများက ဘဏ်အဖွဲ့ဝင်တောင်သူများထံ ထုတ်ချေးပေးမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**

## ကလေးဝမြို့၌ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား စားအုန်းဆီများ ဈေးနှုန်းသက်သာစွာ ရောင်းချ

**ကလေးဝ ဩဂုတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့၌ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား စားအုန်းဆီများ ဈေးနှုန်းသက်သာစွာဖြင့် ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ရောင်းချပေးသည်။

အဆိုပါ စားအုန်းဆီများရောင်းချပေးနေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ဇော်ဇော်အောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စားအုန်းဆီရောင်းချမှုကြီးကြပ်ရေးအဖွဲ့ဝင်များက ကြီးကြပ်ဆောင်ရွက်ကြသည်။

စားအုန်းဆီများရောင်းချပေးရာတွင် ဝန်ထမ်းတစ်ဦးလျှင် စားအုန်းဆီ နှစ်ပိဿာနှုန်းနှင့် မြို့ပေါ်ရပ်ကွက် (၃)ရပ်ကွက်ရှိရာမှ ယနေ့တွင် အမှတ် (၁) ရပ်ကွက်ရှိ ဒေသခံပြည်သူများအား အိမ်ထောင်စုတစ်စုလျှင် စားအုန်းဆီ နှစ်ပိဿာနှုန်းဖြင့် ပြင်ပပေါက်ဈေးထက် ဈေးနှုန်းသက်သာစွာ ရောင်းချပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရွှေဘိုမြို့ ECCD မူလတန်းကြိုကျောင်း၌ မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်သရုပ်ပြသ

**ရွှေဘို ဩဂုတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် လူမှုဝန်ထမ်းဦးစီးဌာနရုံးမှ ဦးဆောင်ကျင်းပသည့် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းအသိပညာပေးခြင်းနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ မိဘအသိပညာပေးဟောပြောပွဲကို ယမန်နေ့က အဆိုပါရုံး မူလတန်းကြိုကျောင်းခန်းမ၌ ကျင်းပသည်။



ဦးစွာ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကြွယ်ကြွယ်ဝင်းက အမှာစကားပြောကြားပြီး ရွှေဘိုမူလတန်းကြိုကျောင်းအုပ် ECCD က ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေး အကြောင်း ရှင်းလင်းပြောကြားပြီး ခရိုင်ဘေးအန္တရာယ် စီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချောစုက ရေဘေး၊ လျှပ်စစ်ဘေးအကြောင်းနှင့်ဆက်သွယ်ရေးလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဗီဒီယိုပြသခြင်း၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးအေးမြင့်က မီးဘေးအန္တရာယ် အသိပညာပေးဟောပြောခြင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်သရုပ်ပြသမှုကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်

(ပြန်/ဆက်)

## မော်ဘီမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မော်ဘီ ဩဂုတ် ၈**

မော်ဘီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဥဿျှစ်ကုန်းမြန်မာ ကျေးရွာရှိ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ပြန်လည်ထုတ်ချေးပေးခြင်းကို ယမန်နေ့က တာဝန်ရှိသူများက အဆိုပါကျေးရွာများ၌ ကွင်းဆင်းထုတ်ချေးပေးသည်။

ဦးစွာ မော်ဘီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်နိုင်က ဥဿျှစ်ကုန်းမြန်မာ ကျေးရွာရှိ ကျေးလက်နေပြည်သူများ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ရန်အတွက် လိုအပ်သည့် ငွေကြေးအရင်းအနှီးများ ရရှိစေရန်နှင့် စီမံကိန်းမှ တိုးပွားလာသော အတိုးရငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



ထို့နောက် ဦးစီးအရာရှိနှင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ဥဿျှစ်ကုန်းမြန်မာ ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသူ အသင်းသား ၁၃၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၃၅၀ ကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ပိုးသခင်

## ကျောက်ဆည်-တံစိုး-မင်းစု-မြစ်သားလမ်း၌ ပျက်စီးသွားသည့် ၆/၈ တံတားအား ပြန်လည်ခင်းပေးပြီးဖြစ်

**ကျောက်ဆည် ဩဂုတ် ၈**

ကျောက်ဆည်မြို့နယ်၌ သဘာဝဘေးကြောင့် ပျက်စီးသွားသည့် ကျောက်ဆည်-တံစိုး-မင်းစု-မြစ်သားလမ်းမှ ၆/၈ တံတားအား ၂၀၂၅-



၂၀၂၆ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ်သန်း ၇၀ အကုန်အကျခံကာ မြို့နယ်လမ်းဦးစီးဌာနမှ ပြန်လည်ပြုပြင်ပေးခဲ့ရာ လုပ်ငန်းများပြီးစီးပြီဖြစ်၍ ပြည်သူများ အချိန်အခါမရွေး လွယ်ကူချောမွေ့စွာ သွားလာနိုင်ပြီဖြစ်သည်။

အဆိုပါ ပျက်စီးသွားသည့် တံတားသည် ကျောက်ဆည်-တံစိုး-မင်းစု-မြစ်သားလမ်းသည် ကျောက်ဆည်မြို့နှင့် မြစ်သားမြို့တို့အား ဆက်သွယ်ထားသော အတိုဆုံးလမ်းပေါ်တွင်တည်ရှိပြီး ကုန်စည်စီးဆင်းမှု မြန်ဆန်လွယ်ကူစေရန်နှင့် လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကဏ္ဍများ အမြန်ဆောင်ရွက်နိုင်ရေး ကျောက်ဆည်မြို့နယ်လမ်းဦးစီးဌာနမှ အရှည် ၁၈ ဒသမ ၂၈ မီတာ ဘေလီတံတား တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)

## စေတုတ္တရာမြို့နယ်၌ အသက်ငါးနှစ်အောက် ကလေးငယ်များ ဗီတာမင်ဆေးနှင့် သန်ချဆေးတိုက်ကျွေး

**စေတုတ္တရာ ဩဂုတ် ၈**

စေတုတ္တရာမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အမှတ်(၂)ရပ်ကွက်ရှိ အသက်ငါးနှစ်အောက် ကလေးငယ်များ ဗီတာမင်ဆေးနှင့် သန်ချဆေးတိုက်ကျွေးခြင်းကို ယနေ့နံနက်ပိုင်းက စေတုတ္တရာမြို့နယ် မိခင်နှင့် ကလေးဌာနရုံး၌ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံပေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဆရာမ ဒေါ်ခင်သွယ်နှင်းနှင့် ကျန်းမာရေးဆရာမများက ကလေးငယ်များ၏ ဖွံ့ဖြိုးကြီးထွားမှုကို တိုင်းတာခြင်း၊ ကိုယ်အလေးချိန် တိုင်းတာခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးပြီး ဗီတာမင်အေနှင့် သန်ချဆေးကို တိုက်ကျွေးပေးကြသည်။

ဆန်းကိုကို(ပြန်/ဆက်)



**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**



## ပွင့်ဖြူမြို့နယ်၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပွင့်ဖြူ ဩဂုတ် ၈**

ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကုန်းဇောင်းကျေးရွာအုပ်စု ငွေ့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ဒသမအကြိမ် ထုတ်ချေးပေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မီမီသိုက်က ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် စီမံကိန်းရန်ပုံငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေရေး စနစ်တကျ သုံးစွဲလုပ်ကိုင်ကြရန်တို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းရန်ပုံငွေ ထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားပြီး ဒုတိယဦးစီးမှူး ဒေါ်မီမီသိုက်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၅၀ ဒသမ ၇ သန်းကို လွှဲပြောင်းပေးအပ်သည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)



## နတ်မောက်မြို့နယ်၌ လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြ

**နတ်မောက် ဩဂုတ် ၈**

နတ်မောက်မြို့နယ် တမာပင်ရပ် တောင်သူ ဦးသိန်းဝင်း၏ စိုက်ခင်းလယ်မြေတစ်ဧကနေရာတွင် ယမန်နေ့က လက်ဆွဲကောက်စိုက်စက်ဖြင့် အောင်နိုင်တိုးစပါးမျိုး မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲ ပြုလုပ်သည်။

အဆိုပါသရုပ်ပြပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်မြေစာရင်းဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိနှင့်ဝန်ထမ်းများ၊ တောင်သူကိုယ်စားလှယ်များ တက်ရောက်သည်။ နတ်မောက်မြို့နယ်၌ မိုးစပါးဧက ၂၄၉၂၅ လျာထားပြီး ပန်းတိုင်အထွက်နှုန်းရရှိရေး ၄၉၈၁ ဧက စိုက်ပျိုးလျက်ရှိရာ မိုးစပါးစိုက်စနစ်မှန်ကန်ရေးနှင့် အပင်ဦးရေပြည့်မီရေး၊ အချိန်မီစိုက်ပျိုးနိုင်ရေး၊ ဒေသခံတောင်သူများအား လက်ဆွဲကောက်စိုက်စက်အသုံးပြုပုံ၊ ကောက်စိုက်စက်များ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာနိုင်စေရန် တောင်သူများအနေဖြင့် လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးပါက လုပ်အားအင်အားရှားပါးမှုကို ဖြေရှင်းနိုင်ခြင်း၊ တစ်ဧကထုတ်လုပ်မှုကုန်ကျစရိတ်လျော့နည်း၍ အကျိုးအမြတ်ပိုမိုရရှိခြင်းနှင့် တစ်ရက်လျှင် လက်ဆွဲကောက်စိုက်စက်ဖြင့် သုံးဧကနှင့်အထက် စိုက်ပျိုးပြီးစီးနိုင်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများအား ရှင်းလင်းပြောကြားခဲ့သည်။

လှဝင်း(နတ်မောက်)

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

~~~~~~~~~~

ဆော်ဒီအာရေဗျနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သော **Esports World Cup 2025 PUBG Mobile** ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် **Yangon Galacticos** အသင်းက အမြင့်ဆုံး "ကမ္ဘာ့ချန်ပီယံ **(World Champion)** ဆု"ကို ထိုက်ထိုက်တန်တန် ဆွတ်ခူး၍ နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့ပါသည်။

**Esports** ကမ္ဘာ့ဖလား ပွဲစဉ်တလျှောက် မြန်မာလူငယ်များသည် ဇွဲ၊ စိတ်အားထက်သန်မှု၊ ကြံ့ခိုင်မှု၊ ကျွမ်းကျင်ထက်မြက်မှု၊ စည်းစနစ်ကျမှု၊ ယုံကြည်မှုအပြည့်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ကမ္ဘာ့အဆင့်ချန်ပီယံအဖြစ် နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သည့် **Yangon Galacticos** အဖွဲ့ဝင် ကစားသမားများ၊ အသင်းနည်းပြ၊ အသင်းမန်နေဂျာ နှင့် အုပ်ချုပ်သူများကို အလေးအနက် ချီးကျူးဂုဏ်ပြုအပ်ပါသည်။

နိုင်ငံ့ဂုဏ်ဆောင် ကမ္ဘာ့ချန်ပီယံဆု ရရှိနိုင်ရန် လူငယ်မျိုးဆက်သစ်များကို အမြဲအားပေးပြီး ငွေအား၊ လူအား၊ စိမံခန့်ခွဲလမ်းညွှန်မှုများ ဆောင်ရွက်ပေးနေသော မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် နာယက၊ မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း နာယကကြီး ဦးအောင်ကိုဝင်း အားလည်းကောင်း၊ **Myanmar Esports Federation** တည်ထောင်သူ ဂုဏ်ထူးဆောင်နာယကများ ဖြစ်ကြသော အပြည်ပြည်ဆိုင်ရာလူငယ်စီးပွားရေးလုပ်ငန်းရှင်ဥက္ကဋ္ဌများအသင်းချုပ် **(YPO)** ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း၊ ဒေါ်နန်းခမ်းနောင် နှင့် နာယက ဦးကောင်းထက်စံ၊ ဥက္ကဋ္ဌ ဒေါက်တာကောင်းမြတ်စံ နှင့် အဖွဲ့ဝင်များ အားလည်းကောင်း၊ အဓိကပံ့ပိုးကူညီပေးခဲ့သော ကမ္ဘောဇဘဏ် **(KBZPay)** တို့အားလည်းကောင်း အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အောင်မြင်မှုများ ဆက်လက်ရရှိနိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

ဥက္ကဋ္ဌ နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့

မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း **(MYEA)**
~~~~~~~~~~

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

~~~~~~~~~~~

ဆော်ဒီအာရေဗျနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သော **Esports World Cup 2025 PUBG Mobile** ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် **Yangon Galacticos** အသင်းက အမြင့်ဆုံး "ကမ္ဘာ့ချန်ပီယံ **(World Champion)** ဆု"ကို ထိုက်ထိုက်တန်တန် ဆွတ်ခူး၍ နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့ပါသည်။

**Esports** ကမ္ဘာ့ဖလား ပွဲစဉ်တလျှောက် မြန်မာလူငယ်များသည် ဇွဲ၊ စိတ်အားထက်သန်မှု၊ ကြံ့ခိုင်မှု၊ ကျွမ်းကျင်ထက်မြက်မှု၊ စည်းစနစ်ကျမှု၊ ယုံကြည်မှုအပြည့်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ကမ္ဘာ့အဆင့်ချန်ပီယံအဖြစ် နိုင်ငံဂုဏ်ဆောင်နိုင်ခဲ့သည့် **Yangon Galacticos** အဖွဲ့ဝင် ကစားသမားများ၊ အသင်းနည်းပြ၊ အသင်းမန်နေဂျာ နှင့် အုပ်ချုပ်သူများကို အလေးအနက် ချီးကျူးဂုဏ်ပြုအပ်ပါသည်။

အားကစားသမိုင်းတွင် မြန်မာနိုင်ငံဂုဏ်ဆောင် ကမ္ဘာ့ချန်ပီယံဆု ရရှိနိုင်ရန် လူငယ်မျိုးဆက်သစ်များကို အမြဲအားပေးပြီး ငွေအား၊ လူအား၊ စီမံခန့်ခွဲလမ်းညွှန်မှုများ ဆောင်ရွက်ပေးနေသော မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် နာယက၊ ကမ္ဘောဇဘဏ် နှင့် ကမ္ဘောဇအုပ်စု တည်ထောင်သူ နာယကကြီး ဦးအောင်ကိုဝင်း အားလည်းကောင်း **Myanmar Esports Federation** တည်ထောင်သူ ဂုဏ်ထူးဆောင်နာယကများ ဖြစ်ကြသော ဒေါ်နန်းလိုင်းခမ်း၊ ဒေါ်နန်းခမ်းနောင့် နှင့် နာယက ဦးကောင်းထက်စံ၊ ဥက္ကဋ္ဌ ဒေါက်တာကောင်းမြတ်စံ နှင့် အဖွဲ့ဝင်များအားလည်းကောင်း၊ အဓိကပံ့ပိုးကူညီပေးခဲ့သော ကမ္ဘောဇဘဏ် **(KBZPay)** တို့အားလည်းကောင်း အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အောင်မြင်မှုများ ဆက်လက်ရရှိနိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

ဥက္ကဋ္ဌ နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့

မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် **(UMFCCI)**
~~~~~~~~~~~

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅ ၊ နည်းဥပဒေ ၂၀)
## မင်းဘူးခရိုင်တရားရုံးတော်၌
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှု အမှတ်-၁၄

၁။ ဦးခင်မောင်ဝင်း နှင့် ၁။ ဦးခင်မောင်စန်း ၅။ ဦးစိုးဝင်းမောင်
၂။ ဦးခင်မောင်တင့် ၂။ ဒေါ်ခင်ခင်ရှိန် ၆။ ဒေါ်ကျင်သီတာအုန်း
၃။ ဦးသန်းဌေး ၇။ ဒေါ်မင်းမင်းအုန်း
၄။ ဦးတိုးတိုး ၈။ ဒေါ်ဇာဇာအုန်း

တရားလိုများ တရားပြိုင်များ

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အခန်းအမှတ်(၄၉)၊ မိုးစန္ဒာကွန်ဒိုနေ (၄)တရားပြိုင် ဦးတိုးတိုး(ဘ)ဦးတောမိ သိစေရမည်။

သင်တို့အပေါ် တရားလိုများမှ "အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု" စွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့် ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်(၁၃၈၇ ခုနှစ်၊ တော်သလင်းလဆုတ် ၂ ရက်) မွန်းမတည့်မီ ၁၀နာရီ)တွင် အထက်အမည်ပါသူ တရားလိုများ၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ ၄ ရက်အလိုက တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။

(သန်းနိုင်ဦး)
ဒုတိယခရိုင်တရားသူကြီး(၁)
မင်းဘူးခရိုင်တရားရုံး

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ် တတ-၈၊ ဦးပိုင်အမှတ်(၈၀)၊ ၆၁x၆၀Bကြား၊ ၁၂၄x၁၂၅လမ်းကြားရှိ မြေကွက်အား တောဂရန်အမှုတွဲအမှတ်(၃၈၄၇/၉၀-၉၁)အရ တသလှိုင်ထွန်း ၉/အမရ(နိုင်)၀၀၃၁၆၉ အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန်။ ဦးအေးလွင် ၈/မမန(နိုင်)၁၆၀၃၈၄၊ ဒေါ်သိင်္ဂီမြင့် ၉/ပကခ(နိုင်)၀၄၀၈၂၉ တို့မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် လ-၈၊ ဦးပိုင်အမှတ် ၇၆၊ ၆၇x၆၈ ကြား၊ ၁၁၃x၁၁၄ လမ်းကြားရှိ တပ်ကြပ်ကျော်သန်း အမည်ပေါက် တောဂရန်မြေကွက်အား တရားလိုဦးကျော်က တရားပြိုင် ဦးကျော်သန်းအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၁၂၃/၂၀၂၅)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဦးကျော် ၉/စကန(နိုင်)၀၀၄၉၆၁ က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ် အ-၂၁၊ ဦးပိုင်အမှတ် ၈၄ ခဲစင်းတောင်ခြမ်း၊ ၆၈x၆၉ ကြား၊ မင်းကြီးရန်နောင် x မင်္ဂလာလမ်းကြားရှိ ဦးလွန်းဝေ အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဒေါ်သက်သက်ခိုင်က တရားပြိုင် ဦးလွန်းဝေအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၉၂/၂၀၂၅)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင် ဒီကရီရရှိသူ ဒေါ်သက်သက်ခိုင် ၉/အမရ(နိုင်)၀၈၇၃၉၁ က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ် တတ-၁၅၊ ဦးပိုင်အမှတ် ၃၂ ခဲစင်းတောင်ခြမ်း၊ ၆၁x၆၀Bကြား၊ ၁၂၅x၁၂၆ လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးခင်မောင်မြင့် ၉/မနမ(နိုင်)၀၁၄၁၅၃ EMDY-၃၁၃၂၁၁ ၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၅၄၅၇/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးစောသီဟ ၉/ပကခ(နိုင်)၀၁၀၇၇၉က တောဂရန်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံး
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၄၇

ဒေါ်လီလီ နှင့် ၁။ တပ်သားမြင့်ဆွေ
၂။ ဦးမာနီဆိုရ် (၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးမောင်မောင် )

တရားလို တရားပြိုင်များ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၆၅လမ်း၊ ပိတောက်လမ်းနှင့် ငုဝါလမ်းကြား၊ မြို့သစ် (၁)ရပ်ကွက်နေ ဦးမာနီဆိုရ် (၎င်း၏ အထွေထွေ ကိုယ်စားလှယ်စာရသူ ဦးမောင်မောင်(ဘ)ဦးဝေစန်း(ခ)ဟွေလောက်စဲ) (ယခု နေရပ်လိပ်စာမသိ ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဒေါ်လီလီက မန္တလေးမြို့၊ ချမ်းမြသာစည် မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(၉၉-၁၀)၊ ဦးပိုင်အမှတ်(၈၈)၊ ဧရိယာ(၀ ဒသမ ၀၅၅၁) ဧက အကျယ်အဝန်းရှိ မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စား လှယ်ရုံးအခွင့် အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၅ ရက် (၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်း များနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သင်းသင်းလှိုင်)
တွဲဖက်မြို့နယ်တရားသူကြီး(၄)
ချမ်းမြသာစည်မြို့နယ်တရားရုံး

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက်အမှတ် နန-၃၁၊ ဦးပိုင်အမှတ် ၁၁/ဧရိယာ ၀ ဒသမ ၀၅၅၁ ဧက၊ ၅၃x၅၄ လမ်းကြား၊ မင်္ဂလာ x စံပြလမ်းကြားရှိ မြေကွက်အား ဦးမျှင်အမည်ဖြင့် ချထားပေးခြင်းခံရပြီး ဖခင် ဦးမျှင်၊ မိခင် ဒေါ်ကျန်၊ သမီး ဒေါ်ရွှေကြည် (အပျိုဘဝ)တို့ ကွယ်လွန်၍ ကျန်ရစ်သူသမီး ဒေါ်ရွှေရီ ၉/မနတ(နိုင်)၀၃၆၉၈၃ က မြေချထားမိန့်မူရင်းမှာ အသိမ်းလွန်၍ပျောက်ဆုံးသွားကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ ဂရန်သစ်၊ အမည် ပြောင်းရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် ပပ-၄၊ ဦးပိုင်အမှတ် (၇၈)၊ ၆၇x၆၈ကြား၊ ၁၃၄x၁၃၅လမ်းကြားရှိ ဂရန် မြေကွက်အမည်ပေါက်သူ ဦးခင်မောင်ဖေ၉/မရမ(နိုင်)၀၀၉၅၂၁၊ ဦးသိန်းနိုင်ဖေ ၉/မရမ(နိုင်)၀၆၀၂၉၆တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၄၇၂၅/၂၀၂၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးလှမြင့် (ခ) အိုမာဖရပ် ၉/မရမ(နိုင်)၀၃၇၀၆၀ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ် (အ-၅)၊ ဦးပိုင်အမှတ် (၇၂)၊ ၆၈x၆၉ကြား၊ ဇော်ဂျီxကုသိုလ်တော်လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဖုန်းမြင့် ၉/မရမ(နိုင်)၀၇၅၂၁၄၏ အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ် (၄၉၇၉/၂၀၁၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမင်းနွယ် ၉/မရတ(နိုင်)၀၁၅၆၀၆ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9L/4212 Toyota VITZ NSP 130, Hatch Back (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးငြိမ်းချမ်းအောင် ၉/ပတခ(နိုင်)၀၀၄၀၅၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/55096 New Zhineng ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမြင့် ၁၂/ကမတ(နိုင်)၀၂၆၁၀၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မအူပင်)
မအူပင်မြို့

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ အကွက်အမှတ် ယ-၁၀၊ ဦးပိုင်အမှတ် ၁-ခ/၂(ခ)+၁-ခ/၃(ခ)ခဲစင်း နောက်ခြမ်း၊ ၇၅လမ်း x ကိုလံဘိုမြောင်းကြား၊ ၁၁၂ လမ်းပေါ်ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်မြတ် ၁၂/ဥကတ(နိုင်)၀၂၃၀၃၉ က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူး ခွင့်ပြုပါရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် ပပ-၁၁၊ ဦးပိုင်အမှတ် ၆၃၊ ၁၃၀x၁၃၁ကြား၊ ၅၉ x ၆၀လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမျိုးဇာနည် ၉/မရမ(နိုင်)၀၈၃၂၈၅၊ ဒေါ်သီတာထွန်း ၉/မရတ(နိုင်)၁၂၂၈၂၅ တို့က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ် တတ-၄၊ ဦးပိုင်အမှတ် ၁၂-က၊ ၆၀Ax၆၀Bကြား၊ ၁၂၃x၁၂၄လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးဖြိုးဝေယံအောင် ၉/အမဇ(နိုင်) ၀၃၀၉၂၉ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9D/4489 Toyota Probox NCP51, S/W(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးကျော်နိုင် ၁၃/လရန(နိုင်)၁၆၇၀၉၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)
အင်းစိန်မြို့

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၃၉၃၄၅ ယာဉ်လက်ဝယ်ရှိသူ ဦးမာမက်အာလီ ၁၀/မလမ(နိုင်)၁၈၁၃၃၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
မော်လမြိုင်မြို့

## အရွယ်မရောက်သေးသူအတွက် အုပ်ထိန်းသူအဖြစ်ခန့်ထားရန် လျှောက်ထားကြောင်း အကြောင်းကြားစာ
## (အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူတို့အက်ဥပဒေပုဒ်မ-၁၁)
## မဟာအောင်မြေခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၄၁

ဒေါ်ဇာဇာဦး(ခ)ယာစမင်းဘီ လျှောက်ထားသူ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ ၃၅ လမ်း၊ ၇၀x၇၁ လမ်းကြား၊ အကွက်(၇၀၀)၊ အမှတ်(ဘီ-၆) ရပ်နေ အရွယ်မရောက် သေးသူ မရွှေဝတီလှိုင်၊ မောင်သီဟသော်နှင့် ၎င်းတို့ပိုင်သော ပစ္စည်းအကြောင်း။

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ ဦးပိုင်(၂၁)၊ အကွက်အမှတ် (၄၁၃/၁)၊ ဧရိယာ (၀.၀၅၉၇)ဧကရှိ မြေကွက်နှင့် မြေပေါ်ရှိအဆောက်အအုံကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ ၃၅ လမ်း၊ ၇၀x၇၁လမ်းကြား၊ အကွက်(၇၀၀)၊ အမှတ် (ဘီ-၆) ရပ်နေ ဒေါ်ဇာဇာဦး (ခ)ယာစမင်းဘီက အထက်အမည်ပါရှိသော အရွယ်မရောက်သေးသူ မရွှေဝတီလှိုင်နှင့် မောင်သီဟသော်တို့၏ မိခင်အရင်းဖြစ်သည်ဟူ၍ ၎င်းသူတို့၏ ကိုယ်နှင့်ပစ္စည်းကို အုပ်ထိန်းသူ အဖြစ် ခန့်ထားပါမည့်အကြောင်း လျှောက်ထားသည်ဖြစ်၍ ထိုသို့ လျှောက်ထားခြင်းကို လူအများသိရှိစေရန်အလို့ငှာ ဤ ကြော်ငြာစာကို ထုတ်ဆင့်လိုက်သည်။ ထိုလျှောက်ထားချက်ကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက် (၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်)တွင် ဆိုင်ဆိုရန် ချိန်းဆိုသည်။

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နီနီမြင့်)
ဒုတိယခရိုင်တရားသူကြီး(၂)
မဟာအောင်မြေခရိုင်တရားရုံး

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ အထက(ခွဲ) ကြို့ကုန်းမြောက်၊ Grade-11 မှ မောင်ပိုင်ပိုင်၏ ဖခင်အမည် မှန်မှာ ဦးကျော် ၇/သပန (နိုင်) ၀၇၈၀၂၆ ဖြစ်ပါကြောင်း။

ဦးကျော်

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 11W/60766 Kenbo-110 ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်လေး ၉/မထလ(နိုင်) ၁၂၈၉၇၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မိတ္ထီလာမြို့)

## Passport ပျောက်ဆုံးကြောင်း

ဒေါ်လှိုင်လှိုင်ဦး (ဘ) ဦးစံလှ ၁၂/သဃက(နိုင်)၀၃၆၈၂၂ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဖုန်း-၀၉-၂၅၃၈၃၆၇၃၅ သို့ ဆက်သွယ်အကြောင်းကြား ပေးပါရန်။

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင် (၂)ရပ်ကွက်၊ အကွက်အမှတ် (ဒ-၁၁)၊ ဦးပိုင်အမှတ်(၈၇)၊ ၆၃လမ်း၊ ၃၇x၃၈ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ကျန်ပေါက်ဂျီ ၁၃/လရန (နိုင်) ၀၀၄၀၇၆၏ အထူး ကိုယ်စားလှယ်လွှဲစာအမှတ် (၄၃၃၁/ ၂၀၁၄) ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ယော်ဇဲ ၁/မကန (နိုင်)၀၆၉၃၄၅ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်
စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် မ-၄၇၊ ဦးပိုင်အမှတ် ၇၀၊ ၅၅x၅၆ ကြား၊ ၄၀x၄၁ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်စန်းစန်းဌေး ထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ် အမှတ်(၂၅၄၄/၂၀၀၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နန်းဝါထွမ်း ၁၃/လရန (နိုင်)၀၃၈၀၃၇ ၏ အထူးကိုယ်စား လှယ်လွှဲစာအမှတ်(၂၉၅၇/၂၀၀၅)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးအင်ခွမ်လအောင် ၁/မမန(နိုင်)၀၁၀၀၂၆ က ဂရန် စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်း အဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြု ပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီ များဖြင့် ၁၄ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်
စည်ပင်သာယာရေးကော်မတီ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ယွန်းပညာကောလိပ်၊ ဆောင်းဒါးသိပ္ပံ၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနရုံးများ၊ ခရိုင်ဦးစီးဌာနရုံးများနှင့် ရက်ကန်းကျောင်းတို့တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးများအတွက် သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ခန့်ထားမည့်ရာထူး/လစာနှုန်း/ပညာအရည်အချင်း | လစ်လပ် |
|---|---|---|
| (က) | ဒုတိယဦးစီးမှူး (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) B.E (Mech/EP/EC/Civil/ Textile) (သို့မဟုတ်) B.Sc (IC/Chem)(သို့မဟုတ်) B.Com ၊ B.Act ၊ BBA ၊ B.Econ (Eco)၊ B.B.Sc ဘွဲ့ရရှိပြီး ယွန်းပညာဒီပလိုမာ (သို့မဟုတ်) မဟာဘွဲ့တစ်ခုခုရရှိသူ | ၂၅ |
| (ခ) | အငယ်တန်းစာရေး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ဘွဲ့တစ်ခုခုရရှိသူ (လက်မှု/ ရက်ကန်း/ စက်ချုပ် ပညာရပ်တစ်ခုခု တတ်ကျွမ်း သူများဖြစ်ပါက ပညာအရည်အချင်းလျှော့ပေါ့စဉ်းစားပေးမည်။) | ၂၇ |
| (ဂ) | ဒု-လ/ထကွန်ပျူတာလုပ်ဆောင်ရေးမှူး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ကွန်ပျူတာဘွဲ့ရရှိသူ (သို့မဟုတ်) ဘွဲ့တစ်ခုခုနှင့် ကွန်ပျူတာသင်တန်း ဆင်းလက်မှတ်ရရှိသူ | ၂ |
| (ဃ) | သုတေသနလက်ထောက်(၄) (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) B.Sc (IC/Chem) (သို့မဟုတ်) ဘွဲ့တစ်ခုခုနှင့် Dip in Food Technology ရရှိသူ | ၆ |
| (င) | စက်မှုကျွမ်းကျင်-၄ (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) အင်ဂျင်နီယာဘွဲ့/ အင်ဂျင်နီယာဒီပလိုမာ/ စက်မှုသင်တန်းကျောင်းဆင်း များ/ THS ကျောင်းဆင်းများ | ၁၀ |
| (စ) | လက်မှုကျွမ်းကျင်-၄ (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) အင်ဂျင်နီယာဘွဲ့/ အင်ဂျင်နီယာဒီပလိုမာ/ စက်မှုသင်တန်းကျောင်းဆင်းများ/ THS ကျောင်းဆင်းများ (လက်မှု) (လက်မှုပညာရပ်တစ်ခုခုတတ်ကျွမ်းသူများဖြစ်ပါက ပညာအရည်အချင်းလျှော့ပေါ့စဉ်းစားပေးမည်။) | ၂ |
| (ဆ) | စာရင်းကိုင်-၄ (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ဘွဲ့တစ်ခုခုနှင့်စာရင်းကိုင်ဒီပလိုမာရရှိသူ (သို့မဟုတ်) စီးပွားရေးပညာ ဘွဲ့တစ်ခုခုရရှိသူ | ၄ |
| (ဇ) | လက်ထောက်နည်းပြ (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) AGTI(Textile) (သို့မဟုတ်) ဘွဲ့တစ်ခုခုနှင့် ရက်ကန်းသင်တန်းဆင်းသူ(သို့မဟုတ်) အခြေခံပညာအထက် တန်းအဆင့်နှင့် ချည်မျှင်နှင့်အထည် အလိပ်ဒီပလိုမာ(ပေါင်းကူး) လက်မှတ်ရရှိသူ | ၁၂ |
| (ဈ) | ယာဉ်မောင်း-၅ (၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) မူလတန်းအဆင့်ရှိသူ (ယာဉ်မောင်းလိုင်စင်"ခ"ရှိသူ) | ၁ |
| (ည) | လုံခြုံရေး-၅ (၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) မူလတန်းအဆင့်ရှိသူ | ၁ |

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၃၀.၉.၂၀၂၅ ရက်နေ့တွင် အသက် (၃၀) နှစ်ထက် မကျော်လွန်သူ၊ နိုင်ငံ့ဝန်ထမ်း ဖြစ်ပါက အသက်(၃၅)နှစ်ထက် မကြီးသူဖြစ်ရမည်။ ဒေသခံများအားဦးစားပေးစဉ်းစားမည်။ ဝေးလံဒေသများနှင့် ဌာနမှလက်ရှိနေ့စား ဝန်ထမ်းများဖြစ်ပါက အသက်ကန့်သတ်ချက်အား လျှော့ပေါ့စဉ်းစားပေးမည်။

(ဂ) ကိုယ်လက်အင်္ဂါပြည့်စုံပြီး ကျန်းမာသန်စွမ်းသူ ဖြစ်ရမည်။

(ဃ) လက်မှုပညာရပ်တစ်ခုခုကျွမ်းကျင်သူများသည် လက်တွေ့စစ်ဆေးမှုခံယူရမည်။

(င) အမှတ်စဉ် (က) ရာထူးအတွက် ဌာနတွင် အနည်းဆုံး (၅) နှစ်နှင့် အမှတ်စဉ် (ခ) မှ (ည) ပါရာထူးများအတွက် ဌာနတွင် အနည်းဆုံး (၃) နှစ်တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိလက်မှတ်ရေးထိုးနိုင်ရမည်။

(စ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ် (Dismissal) ခြင်း၊ ရာထူးမှ ထုတ်ပယ်(Removal)ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်လွှာများကို ကိုယ်တိုင်ရေးလျှောက်လွှာ၊ ကိုယ်ရေးရာဇဝင် အကျဉ်းနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်-

(က) လျှောက်လွှာတွင် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ မွေးသက္ကရာဇ်၊ လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ၊ ပညာအရည်အချင်းနှင့်အောင်မြင်သည့်ခုနှစ်၊ မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်းတို့၏အလုပ်အကိုင်၊ ဝန်ထမ်းဖြစ်လျှင် လက်ရှိရာထူး၊ လစာနှုန်းနှင့်ဌာနအမည်၊ ပြင်ပပုဂ္ဂိုလ်များအတွက် အလုပ်သမားမှတ်ပုံတင်အမှတ်၊ နေ့စွဲနှင့် အလုပ်သမားရုံးအမည်၊ ဆက်သွယ်ရန်လိပ်စာ၊ တယ်လီဖုန်းနံပါတ်၊ အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံ

(ခ) တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်လက်မှတ်၊ ဘွဲ့နှင့်ဒီပလိုမာလက်မှတ်မိတ္တူ

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(ဃ) (၁)လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံ

(င) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲမှတစ်ဆင့် လျှောက်ထားသည့် ကြိုတင်လျှောက်လွှာ မိတ္တူ(၁)စောင်

(စ) ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်မိတ္တူ

(ဆ) ဝန်ထမ်းမဟုတ်သူများအတွက်အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှု ကင်းရှင်းကြောင်းကို သက်ဆိုင်ရာမြို့နယ်/ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်မူရင်း၊ သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ထောက်ခံချက်မူရင်း (လွန်ခဲ့သော (၁) လအတွင်း)

၄။ လျှောက်လွှာများကို သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၁၆)၊ နေပြည်တော်သို့လည်းကောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနရုံးများ၊ ခရိုင်ဦးစီးဌာနရုံးများနှင့် ရက်ကန်းကျောင်းများသို့ လည်းကောင်း (၃၁.၈.၂၀၂၅) ရက်နေ့နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။ သတ်မှတ်ရက်ထက်ကျော်လွန် သော/ စာရွက်စာတမ်းမပြည့်စုံသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၅။ လျှောက်ထားသူများမှ အရည်အချင်းပြည့်မီသူများအား ရေးဖြေ (မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဘာသာရပ်) နှင့် လူတွေ့စစ်ဆေးခြင်းကိုလည်းကောင်း၊ အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာန၊ ရုံးချုပ် (နေပြည်တော်) ၊ ရုံးအမှတ် (၁၆) နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနရုံးများတွင် ဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုလိုသည့် တိုင်းဒေသကြီး/ပြည်နယ်အား လျှောက်လွှာတွင် ထင်ရှားစွာရေးသားဖော်ပြရန်နှင့် ဖြေဆိုမည့်နေ့ရက်အား ကြိုတင်အကြောင်းကြား သွားမည် ဖြစ်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန (ရုံးချုပ်)နေပြည်တော် ဖုန်း၊၀၆၇-၃၄၁၀၀၅၀၊ ၀၆၇-၃၄၁၀၃၉၇ နှင့် လျှောက်လွှာတင်ထားသည့် တိုင်းဒေသကြီး/ပြည်နယ်ရှိ ရုံးများသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန**

---

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၁၁/၂၀၂၅-၂၀၂၆)

၁။ မြန်မာရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ Pipeline Freespan Survey and Rectification ဝန်ဆောင်မှုလုပ်ငန်းကို မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | OS-001(25-26)CAP (Retender) | 24" MOGE Offshore Domestic Gas Pipeline Freespan Survey and Rectification | Kyat |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၈-၈-၂၀၂၅ရက်မှစတင်၍ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ဘဏ္ဍာရေးဌာန၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၂-၈-၂၀၂၅ရက် နံနက်(၁၁:၃၀)နာရီတွင် နောက်ဆုံးထား၍ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ကမ်းလွန်ရေနံနှင့်သဘာဝဓာတ်ငွေ့ဌာန၊ ရုံးအမှတ်(၄၄)၊ နေပြည်တော် ထံသို့ **(လူကိုယ်တိုင်)** လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
ဖုန်း-၀၆၇-၃၄၁၁၃၃၁

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)
## ကြော်ငြာစာ

၁။ ကုသရေးဦးစီးဌာန၏ (၆-၈-၂၀၂၅)ရက်စွဲပါစာအမှတ် ၂၉၅၅/ဘင(စ)/ ငွေလုံးငွေရင်း/၂၀၂၅ အရ နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ နှလုံးအထူးကြပ်မတ်ကုသဌာနရှိ SIEMENS Cath Lab System (Model:Artis Zee Ceiling, SN:148330)စက်၏

(1) Drive Unit Angulation,

(2) Drive Unit Gantry rotation,

(3) Screw ISO ပြုပြင်လဲလှယ်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူမည်ဖြစ်ပါ၍ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လိုသည့် လုပ်ငန်းရှင်များ လျှောက်ထားနိုင်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်နှင့်အချိန်** - (၈-၈-၂၀၂၅)ရက် (သောကြာနေ့) နံနက် (၉:၃၀)နာရီ
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - (၂၁-၈-၂၀၂၅)ရက် (ကြာသပတေးနေ့) ညနေ (၄:၃၀)နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇၃-၄၂၁၄၆၅သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

---

## အမည်မှန်

လှိုင်ကော်မြို့နယ်၊ လောပိတမြို့၊ အထက (ရှမ်းရွာ)ကျောင်း (ဘ) ဦးဇော်ဇော်၏သမီး Grade-9 မှ မရွှေရည်လင်းလဲ့၏ အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ မရွှေရည်လင်းလက်ဖြစ်ပါကြောင်း။

**မရွှေရည်လင်းလက်**

---

## အမည်ပြောင်း

(ဘ)ဦးသီဟသူ၏ သားဖြစ်သူ မြိတ်မြို့ ILBC International School (Myeik)တွင် (၂၀၂၅-၂၀၂၆)ပညာသင်နှစ်အတွက် ID (500000 6749) ဖြင့် Pre-3 အတန်းတွင် တက်ရောက်ပညာသင်ကြားနေသော မောင်မင်းသီဟမောင်အား ယနေ့မှစ၍ မောင်ဖြိုးသီဟမောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဖြိုးသီဟမောင်**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၅ယ/၆၇၇၅၃, Honda Click-125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နီနီရှိန် ၆/လလန (နိုင်)၀၈၁၆၄၈ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊တိုင်းဒေသကြီး ဦးစီးမှူးရုံး(ထားဝယ်)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၅၉၆၄၆, HONDA WAVE (NF 125 MT), M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မေချို ၃/ကမမ(နိုင်)၀၀၃၃၉၅ က(ကမ-၃)ပျောက် ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သထုံ)**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ခု ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီး ဘဏ္ဍာ ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ပါအခြားဆောက်လုပ်ရေးလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) အင်းစိန်မြို့နယ်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံး
(၃)ထပ်တည်ဆောက်ခြင်း လုပ်ငန်း(၈၀' X၄၀')

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်-

(က) တင်ဒါလျှောက်လွှာ ဝယ်ယူရက်(၉-၈-၂၀၂၅)မှ (၂၂-၈-၂၀၂၅)အထိနှင့်
ဝယ်ယူရမည့်နေရာ - ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ အင်းစိန်မြို့နယ်၊ ဘူတာရုံလမ်း၊ ရန်ကုန်မြို့

(ခ) တင်ဒါလျှောက်လွှာတင်သွင်းရက် - (၂၃-၈-၂၀၂၅)ရက်

(ဂ) တင်ဒါလျှောက်လွှာတင်သွင်းရန်နေရာ- ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ အင်းစိန်မြို့နယ်၊ ဘူတာရုံလမ်း၊ ရန်ကုန်မြို့

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၁-၆၄၀၂၄၁ နှင့် ၀၉- ၂၂၁၂၄၆၈ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးနှင့်လက်ခံရေးကော်မတီ**

---

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ကမ်းပြို့ရွာ၊ (ယခင်) စံပယ်လမ်း၊ (ယခု)ချမ်းသာကြီး(၂)လမ်းရှိ၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈)၊ မြေကွက်အမှတ် ၁၁၅/A၊ ဧရိယာ (အလျား ပေ၆၀x အနံ ပေ၄၀)အကျယ်အဝန်းရှိ ဒေါ်စိန်နွဲ့အမည်ပေါက် စလစ်မြေအမျိုးအစားမြေကွက်အား ဒေါ်ခင်မြင့်မြင့် ၉/မထလ(နိုင်)၀၅၁၉၇၇မှ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြု ဝန်ခံသောကြောင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူခဲ့ပြီး ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီး အမည်ပြောင်းလဲခြင်း၊ အရောင်းအဝယ် အပြီးသတ်ဆောင်ရွက်ခြင်းတို့နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက မည်သူမဆို ဤကြေညာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ၊ ခိုင်လုံသည့်စာရွက်စာတမ်း အထောက်အထားများဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်းကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမင်းမင်းစိုး(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၀၂၉)**
**ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်**
**ဖုန်း-၀၉-၄၅၀၀၂၉၂၁၅**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၄၆၊ မိုးမခလမ်း၊ မြေကွက်အမှတ် (၃၄၄/ခ)၊ အကျယ် (၁၁ပေx ပေ၆၀)ရှိမြေနှင့် (၂-ထပ်) အိမ်ကို ဝယ်ယူ/ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းကြောင်း၊ ဝန်ခံကတိပြု၍ ဦးကျော်ကျော်ဝင်း ၁၂/မဂတ(နိုင်)၀၅၁၃၂၃၊ အမှတ်- ၃၄၄/ခ၊ မိုးမခလမ်း၊ (၄၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေသူမှ ရောင်းချရန် ကမ်းလှမ်းလာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေတစ်ချို့ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသည့်ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်သည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကိုပြီးမြောက် အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထာနွယ်ခင် တရားလွှတ်တော်ရှေ့နေ (စဉ်- ၈၀၂၁)**
**LL.B, D.I.R, D.I.L, D.M.L, DL-101 (WIPO)**
**အမှတ်(၅၈၁)၊ ရွှေပြည်သာ(၂)လမ်း၊ (၃၂)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ဖုန်း-၀၉-၅၁၉၇၉၃၂**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၀၇)
## ကျောက်ဆည်ခရိုင်တရားရုံးတော်
## ၂၀၂၅ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၄၈

**ကွယ်လွန်သူ ဦးလွင်၏ ကျန်ရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့် အမှု**

ဒေါ်မြမြလွင် လျှောက်ထားသူ
ဆူးကုန်းရပ်ကွက်၊
ကျောက်ဆည်မြို့၊
ကျောက်ဆည်ခရိုင်၊
မန္တလေးတိုင်းဒေသကြီး။

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၊ ဆူးကုန်းရပ်ကွက်နေ လျှောက်ထားသူ ဒေါ်မြမြလွင် က ၎င်းနေရပ်လိပ်စာတွင် အမြဲနေထိုင်ခဲ့ပြီး ကွယ်လွန်သူ ဦးလွင်၏ အမွေဆက်ခံခွင့်ရှိသူဖြစ်ကြောင်း၊ အမွေထိန်း လက်မှတ်ရထိုက်ကြောင်း စစ်ဆေးပေါ်ပေါက်၍ ၂၀-၉-၂၀၂၄ ရက်တွင် ကျောက်ဆည်ခရိုင်တရားရုံးတော်မှ အမွေထိန်းလက်မှတ်စာ ထုတ်ပေးခဲ့သည်။ လျှောက်ထားသူ ဒေါ်မြမြလွင်သည် ၆-၈-၂၀၂၅ရက်တွင် ကျောက်ဆည် ခရိုင်တရားရုံးတော်၌ ၎င်းလက်ရှိထိန်းသိမ်းထားသော အမွေထိန်းလက်မှတ်စာပါ ပစ္စည်းအား အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၃၀၇အရ စီမံဆောင်ရွက်ခွင့်ပြုပါရန် ရုံးတော်သို့ လျှောက်ထားလာသည်။

၎င်းအမှုအရေးတွင် ရုံးတော်သို့ လာရောက်ကန့်ကွက်ရန် သက်ဆိုင်သည်ဟုထင်မြင်လျှင် မိမိ ကိုယ်တိုင်သော်လည်းကောင်း၊ နည်းလမ်းတကျ အခွင့်အာဏာလွှဲအပ်ထားသော ကိုယ်စားလှယ်ဖြင့်သော် လည်းကောင်း ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက် (၁၃၈၇ခုနှစ်၊ ဝါခေါင်လကွယ် ၁၄ရက်) နံနက် ၁၀:၀၀နာရီ တွင် ဤရုံးတော်သို့ လာရောက်ရန် ဆင့်ဆိုလိုက်သည်။ အဆိုပါ နေ့ရက်တွင် လာရောက်ရန် ပျက်ကွက်လျှင် တရားရုံးက လျှောက်ထားသူ၏ လျှောက်လွှာ အပေါ်၌ စစ်ဆေးကြားနာ၍ စီရင်ချက် ချမှတ်လိမ့်မည်။

၂၀၂၅ခုနှစ်၊ ဩဂုတ်လ ၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်သီတာထွန်း)**
**ခရိုင်တရားသူကြီး**
**ကျောက်ဆည်ခရိုင်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ မြေကွက်ကြီးအမှတ်(၁/န)၊ အိမ်ရာကွက်ငယ်အမှတ်(၁၁၄၀)၊ ဦးခိုင်စိုး (MNO-၀၀၀၁၂၀)အမည်ပေါက် အလျားပေ၆၀xအနံပေ၄၀ရှိ ခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်စပ်စာချုပ်များဖြင့် ဝယ်ယူလက်ရောက်လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးနေထက်အောင် ၁၂/မဂတ(နိုင်)၀၂၁၄၅၀ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးနေနိုင်ထွန်း ၆/သရခ(နိုင်) ၁၁၇၅၁၀သည် ၉-၁-၂၀၂၄ရက်တွင် ဝယ်ယူလက်ရောက်ရရှိခဲ့ပြီး အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်းမရှိဘဲ ယနေ့အချိန်ထိ ကျွန်ုပ်မိတ်ဆွေတစ်ဦးတည်းသာ လက်ရှိပိုင်ဆိုင်သူဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးနေနိုင်ထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်နွယ်ဦး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၀၃)**
**ဖုန်း-၀၉-၄၂၁၁၂၃၅၈၉**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ ရွာသစ်(၃)လမ်း၊ တိုက်အမှတ်(၇၄၉) ဒုတိယထပ် (သုံးလွှာ) ဟုခေါ်တွင်သော အကျယ်အဝန်း (၂၃ပေx၅၄ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်လက်ရှိ ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးအောင်ကိုမြင့် ၁၂/ဒဂန (နိုင်)၀၃၄၀၄၇ ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်နွယ်နီဝင်း ၁၂/ထတပ(နိုင်)၀၆၂၉၂၉ က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လို သူများရှိပါက ခိုင်လုံသော စာချုပ် စာတမ်းမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှ ခုနှစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေရီထွန်း (LL.B) အထက်တန်းရှေ့နေ**
**(စဉ်-၃၄၅၆၅/၄-၁၀-၂၀၁၀)**
**ဖုန်း-၀၉-၅၀၇၇၉၇၈**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၆၁၊ မြေကွက်အမှတ်-၃၀၈၇၊ အကျယ်(၄၀-ပေx ၆၀-ပေ)၊ရှိ မြေကွက်၏ အကျိုးခံစားခွင့် အားလုံး၏ နှစ် (၆၀) မြေငှားဂရန် အမည်ပေါက်ဖြစ်သူ ဒေါ်ချင်းချောက် (ခ) ဒေါ်နွယ်နီလှိုင် ၁၃/လရန(နိုင်)၂၂၃၁၄၉၊ တိုက်အမှတ်- ၃၇၊ ရွှေအုန်းပင်အိမ်ရာ၊ ရန်ကင်းမြို့နယ်နေသူမှ လက်ဝယ်ပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းကြောင်း၊ ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထားပြီးဖြစ်သည်။

အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ယနေ့မှ ခုနစ်ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှု အထောက်အထား(မူရင်း) များဖြင့်ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထာနွယ်ခင် တရားလွှတ်တော်ရှေ့နေ (စဉ်- ၈၀၂၁)**
**LL.B, D.I.R, D.I.L, D.M.L, DL-101 (WIPO)**
**အမှတ်-၅၈၁၊ ရွှေပြည်သာ(၂)လမ်း၊ (၃၂)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဖုန်း-၀၉-၅၁၉၇၉၃၂**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊အကွက်အမှတ် နန-၁၅၊ ဦးပိုင်အမှတ်(၃၀)၊ ၆၀(B)x၆၁ကြား၊ ၁၃၃x၁၃၄လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးထွန်းငွေ၏ (SPရရှိသူ ဦးရွှေမောင်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၆၂/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဦးထွန်းအောင်ကြည် ၉/မရမ(နိုင်)၀၆၇၀၆၂က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၂၆၇၄/၂၀၂၃- ၂၀၂၄)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် စစ-၂၊ ဦးပိုင်အမှတ် (၈၀)/ ၅၈(A)လမ်း၊ ၁၀၅x၁၀၆လမ်းကြားရှိ တောဂရန်မြေကွက်ပေါက်သူ ဒေါ်မိုးမိုးချစ်၏ (SPရရှိသူ ဒေါ်သီသီထွန်း)ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်(၂၄၃၈/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အိအိခိုင် ၁၃/လလန(နိုင်)၁၁၄၀၄၉ က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၁၈၀၅/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ အကွက်အမှတ်(၄၉၁)၊ ဦးပိုင်အမှတ်(၂၉)၊ ၁၀၅x၁၀၅(A)ကြား၊ ၈၃x၈၄လမ်းကြားရှိ ဒေါ်ခင်မေအမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၆၆၇/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ဦးဆန်းလွင်ထွန်း၊ ဒေါ်ယုယုထွန်းတို့ထံမှ အရောင်းအဝယ်စာချုပ် အမှတ်(၁၄၄၈/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သော ဒေါ်ယွန်းမြမိုး ၉/မဟမ(နိုင်)၀၄၀၃၂၉၊ ဒေါ်မြသွန်းနွယ် ၉/မဟမ(နိုင်)၀၅၃၁၀၉၏ (SPရရှိသူ ဒေါ်အေးသက်)က အမှုတွဲအမှတ်(၁၈၀၄/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် - ၅ ၊ နည်းဥပဒေ - ၂၀ )**

**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်**

**၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၅၇**

၁။ ဦးဇော်လွန်း နှင့် ဦးစောသာ

၂။ ဒေါ်သက်သက်ထူး

(တရားလို) (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၇) ရပ်ကွက်၊ ဇီဝကလမ်း၊ အမှတ် ၇၉၆ နေ ၊ဦးစောသာ(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက" မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု"လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ခုနှစ် ၊ ဩဂုတ်လ ၂၁ရက် (၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆုတ် ၁၃ ရက်)မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ၊ ၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဖူးဖူးဟန်)

ဒုတိယမြို့နယ်တရားသူကြီး(၁)

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

## မိခင်အမည်မှန်

ကျိုက်မရောမြို့နယ်၊ အထက(ခွဲ) ကော့ပနောကျောင်း Grade-7 တန်းမှ မအေးမိုးစန်း၏မိခင်အမည်မှန်မှာ ဒေါ်စမ်းစမ်းအေး ၁၀/ကမရ(နိုင်)၁၃၀၈၈၂ ဖြစ်ပါသည်။

**ဒေါ်စမ်းစမ်းအေး**

## မိခင်အမည်မှန်

ကျိုက်မရောမြို့နယ်၊ အထက(ခွဲ ) ကော့ပနောကျောင်း Grade-7 တန်းမှ မောင်စိုးမင်းအောင် ၏ မိခင်အမည်မှန်မှာ ဒေါ်စန်းစန်းငွေ ၁၀/ကမရ(နိုင်)၁၀၁၇၅၁ ဖြစ်ပါသည်။

**ဒေါ်စန်းစန်းငွေ**

## မိဘအမည်မှန်

ကျိုက်မရောမြို့နယ်၊ အထက(ခွဲ) ကော့ပနောကျောင်း Grade-8 တန်းမှ မောင်ဟန်ဝေယံစိုး၏ မိဘအမည်မှန်မှာ ဦးနိုင်စိုး ၁၀/ကမရ (နိုင်) ၁၅၈၇၈၈ နှင့် ဒေါ်သန်းဝင်း ၁၀/ကမရ(နိုင်)၁၀၁၈၁၃ ဖြစ်ပါသည်။

**ဦးနိုင်စိုး**
**ဒေါ်သန်းဝင်း**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၁)ရပ်ကွက်၊ စံပယ်လမ်း၊ အမှတ်(၁၇၁/က)ရှိ ဒေါ်ကြင်မြအမည်ပေါက် နှစ်(၆၀) မြေဂရန်မူရင်းရှိ မြေအကျယ်(၁၀x၆၀)ပေ မြေနှင့်အိမ်အား တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးကျော်စိုး ၉/တသန(နိုင်)၁၃၇၇၀၁ ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကြည်သာဟန်**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၈၈၉)**

**အမှတ်(၃၉၁)၊ တက္ကသိုလ်လမ်း၊ (၁၁)ရပ်ကွက်၊**

**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## အမည်ပြောင်း

(ဘ) ဦးရဲဟိန်းအောင်၏ သမီး လှည်းကူးမြို့နယ်၊ ပြည်တော်သာ (၂) လမ်းနေ ပြည်တော်သာ မူလွန်ကျောင်း (အစိုးရမူလတန်းကျောင်း) Grade-4မှ မပန်းမြတ်လေပြည်အား ယနေ့မှစ၍ မဖြူရည်မွန်ဟု ပြောင်းလဲခေါ်ပါရန်။

## ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ ကေတုမတီလမ်း၊ မြေကွက်အမှတ်(၇၇၇/ခ)ဟုခေါ်တွင်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ(၆)ထပ်တိုက်မှ ပဉ္စမထပ်(ဖလွှာ)၊ တိုက်ဘက်သို့ မျက်နှာမူလျှင်ညာဘက်ခြမ်း၊ အကျယ်အဝန်း(၁၇ပေ x ၅၄ပေ)ရှိတိုက်ခန်း၊ ရေ(ကိုယ်ပိုင်မော်တာ)၊ မီး (ကိုယ်ပိုင်မီတာ) အပါအဝင်နှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသည့် New Light Co,Ltd ၏ BOD ဆုံးဖြတ်ချက်အရ ဦးလွင်ရန်နိုင် ၁၂/ဥကတ(နိုင်)၁၄၄၂၉၃ သည် တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုကာ ရောင်းချရန်ကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပြီး၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်ထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးရဲအောင်+၁ ( ၁၂/စခန(နိုင်)၀၆၉၈၅၈)၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်သဉ္ဇာဝင်း(LL.B, D.B.L) အထက်တန်းရှေ့နေ(စဉ်-၄၆၃၅၆) ဒေါ်ခင်မြတ်နိုင်(LL.B ) အထက်တန်းရှေ့နေ(စဉ်-၅၅၉၆၇)**

**အမှတ်-စီ/၅၊ ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

**ဖုန်း-၀၉-၄၂၁၆၅၉၂၄၄၊ ၀၉-၉၅၉၀၀၄၉၈၈၊ ၀၉-၂၆၂၄၇၇၃၃**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၁/၁)ရပ်ကွက်၊ ငုရွှေဝါ(၆)လမ်း၊ အမှတ်(၇၈၅)ဟု ခေါ်တွင်သော ဂရန်အမည်ပေါက် ဦးဝင်းထွန်း၊ အလျား ၂၀ပေ x အနံ ၆၀ပေ (ခေါင်းရင်းခြမ်း) အိမ်ခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ဝယ်ပိုင်ဆိုင်လျက်ရှိသော ဦးငွေလွင် ၈/မလန(နိုင်)၀၀၈၁၃၈ မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးတင်အောင်စိုး ၉/ရမသ(နိုင်)၀၅၀၈၆၃ က အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ- လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးတင်အောင်စိုး ဦးအာကာဝင့်ဇော်(LL.B)၊ ဒေါ်အိရွှေစင်(LL.B,D.B.L)**

**၉/ရမသ(နိုင်)၀၅၀၈၆၃ စဉ်-၁၆၁၆၉ စဉ်-၁၆၁၇၀**

**တရားလွှတ်တော်ရှေ့နေများ**

**က/၇၂၊ ခေမာသီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊**

**ဖုန်း-၀၉-၂၅၄၄၅၉၉၆၊ ၀၉-၂၅၀၄၉၇၅၉၃**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်ဆည်မြို့နယ်၊ အထက မြို့မကျောင်းမှ အထက်တန်းပြ တာဝန်ထမ်းဆောင်နေသော ဒေါ်မို့ရည်လွင်သည် တက္ကသိုလ်ဝင် အောင်လက်မှတ်တွင်ပါရှိသော ဒေါ်မိုရည်လွင်နှင့်အမှုထမ်းစာအုပ်၊ နိုင်ငံသားစိစစ်ရေးကတ်တွင်ပါရှိသော ဒေါ်မိုရည်လွင်သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်မို့ရည်လွင် (ခ) ဒေါ်မိုရည်လွင်**
**၈/မကန(နိုင်)၁၃၁၁၃၉**

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးချမ်းမြေ့အောင် ၁/မညန(နိုင်)၁၀၆၆၀၀၏ ပတ်စ်ပို့နံပါတ်(MC-634670)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်

**ဖုန်း-၀၉-၄၃၁၂၃၅၆၄**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းအမှတ်-၇၊ (၈)ရပ်ကွက်၊ သီတာပန်းခြံ၊ ယောမင်းကြီးလမ်း၊ အမှတ်(၂၂/ခ)ဟုခေါ်တွင်သော (ခြေရင်းခြမ်း) အကျယ်အဝန်းပေ(၁၀x၆၀)ရှိသော နေအိမ်ခြံမြေအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား တရားဝင်ပိုင်ဆိုင် လွှဲပြောင်းရောင်းချ ခွင့်ရှိသူ ဦးအောင်မြင့် ၇/ပခန(နိုင်)၀၂၈၀၇၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကေသီခိုင် ၁၂/ရပသ(နိုင်)၀၅၇၄၀၁ က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ဒေါ်ကေသီခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ချိုဝင်းမာ**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၆၀၉)**

**အမှတ်(၆၈)၊ မကွေးလမ်း၊ (၂၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**

**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း- ၀၉-၄၃၀၉၃၃၅၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 52W/50273 Suzuki Smash 112 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဇော် ၈/သရန(နိုင်)၀၁၆၁၄၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ပြည်)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၈)၊ မြေကွက်အမှတ်(၆၁၇)၊ ဧရိယာအကျယ်အဝန်း (၄၀ ပေ x ၆၀ ပေ အနက်မှ တရားဝင်ခွဲစိတ်ရခြင်း မရှိသေးသော မြေကွက်အမှတ်(၆၁၆)နှင့် ကပ်လျက်ဘက်ခြမ်း ၂၀ ပေx ၆၀ ပေ)ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အမှတ်(၆၁၇)၊ အဲမွန်ဒရာလမ်း၊ (၃၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ ဟုခေါ်တွင်သည့် အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိလက်ဝယ်ဆက်စပ်စာချုပ်ဖြင့် ပိုင်ဆိုင်သူ ဦးမောင်စီ ၁၂/ဗဟန(နိုင်)၀၂၈၆၀၇ နှင့် ဒေါ်လှလှခိုင် ၁၂/ဗဟန(နိုင်)၀၂၉၉၈၇ တို့မှ မိမိသာလျှင် လက်ရှိလက်ဝယ်ပိုင်ဆိုင်ကြောင်းနှင့် ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူထံသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချရန်စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှလည်း အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက် အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇော်ထွန်းအောင် ဦးကျော်စွာလင်း**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၃၅) အထက်တန်းရှေ့နေ(စဉ်-၄၅၆၁၃)**

**အမှတ်(၄၇၄/က)၊ အောင်သပြေ(၁)လမ်း၊ ကြီးပွားရေးရပ်ကွက်၊**

**သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၉၆၉၉၈၅၉၇၄**

## အရွယ်မရောက်သေးသူအတွက် အုပ်ထိန်းသူအဖြစ်ခန့်ထားရန် လျှောက်ထားကြောင်း အကြောင်းကြားစာ

**(အုပ်ထိန်းသူနှင့်အုပ်ထိန်းခံရသူတို့ အက်ဥပဒေပုဒ်မ ၁၁)**

**သင်္ဃန်းကျွန်းခရိုင်တရားရုံး**

**၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၇၅**

ဒေါ်နော်မေရီစိန် လျှောက်ထားသူ

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး (ခ)ရပ်ကွက်၊ ကျိုက္ကဆံလမ်း၊အမှတ်-၄၅၁ တွင်နေထိုင်သော မဂလိုရီယာမေကြည်ပြာအောင် အရွယ်မရောက်သေးသူ သို့မဟုတ်/နှင့် ၎င်းပိုင်ဆိုင်သော ပစ္စည်းအကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး (ခ)ရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ အမှတ်-၄၅၁ နေ ဒေါ်နော်မေရီစိန်က အထက်အမည်ပါရှိသော အရွယ်မရောက်သေးသူ သူငယ် မဂလိုရီယာမေကြည်ပြာအောင် ဖြစ်သည်ဟူ၍ ၎င်းသူငယ်၏ ကိုယ်/ပစ္စည်း/ကိုယ်နှင့်ပစ္စည်းကို အုပ်ထိန်းသူအဖြစ် ဒေါ်နော်မေရီစိန်က အုပ်ထိန်းသူအဖြစ် ခန့်ထားပါမည့်အကြောင်း လျှောက်ထားသည်ဖြစ်၍ ထိုသို့လျှောက်ထားခြင်းကို လူအများသိစေရန်အလို့ငှာ ဤကြော်ငြာစာကို ထုတ်ဆင့်လိုက်သည်။ ထိုလျှောက်ထားချက်ကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက် (၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆုတ် ၄ ရက်)တွင် ဆိုင်ဆိုရန် ချိန်းဆိုသည်။

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဇော်လင်းမောင်)

ဒုတိယခရိုင်တရားသူကြီး (၃)

သင်္ဃန်းကျွန်းခရိုင်တရားရုံး

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ၁၉/၄၈ (သံဒင်း)ရပ်ကွက်၊ စွယ်တော် (၁၁)လမ်း၊ အမှတ် ၄၉၀၊ ဧရိယာ (၂၀x ၆၀) ပေ ၊ အကျယ်အဝန်းရှိ ပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထား ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်လဲ့ရည်နှင်း၁၂/ရပသ(နိုင်)၀၄၆၀၉၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စပြီးမြောက်သည်အထိဥပဒေနှင့်အညီ ဆက်လက်၍ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နေခြည်ဦး (LLB, DBL )**

**အထက်တန်းရှေ့နေ (စဉ် -၃၄၂၈၆)**

**အမှတ်(၇)၊ အင်းယားရိပ်သာလမ်း၊ (၁၀)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**

**ဖုန်း-၀၉-၂၅၄၀၄၄၂၈၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျီးတန်းတောင် အနောက်ရပ်ကွက်၊ ပန်းပင်ကြီးလမ်း၊ အမှတ်(၁၈)၊ ပထမထပ်(ခေါင်းရင်းခန်း) အကျယ်အဝန်း (၁၂ ½ ပေ x ပေ ၅၀) ရှိ တိုက်ခန်း(၁)ခန်းနှင့် တိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်တို့အား မိမိတရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်မွန်မွန်နိုင် ၆/ကစန(နိုင်)၀၃၉၁၃၉၇ ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သည့် ဦးငြိမ်းချမ်း ၁၂/ကမတ(နိုင်) ၀၉၇၀၂၇ သည် ၆-၈-၂၀၂၅ရက်တွင် တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ် စရန်ငွေပေး သဘောတူ ကတိစာချုပ်" ချုပ်ဆို၍ ရောင်းဖိုးငွေမှ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးအပ်ထားပြီးဖြစ်ပါသည်။အထက်ပါတိုက်ခန်းနှင့်ပတ်သက်၍ အရောင်းအဝယ်အား ကန့်ကွက်ရန်ရှိပါက ဤသတင်းစာကြေညာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအပြီးအပိုင်အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်တို့မိတ်ဆွေများ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးရန်လင်းမောင် LLB, DBL, DML, DIL ဒေါ်ပွင့်ခိုင်ဖြူ LLB**

**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**

**(စဉ်-၁၂၂၇၂/၂၀၁၇) (စဉ်-၁၂၂၄၅/၂၀၁၇)**

**အမှတ် ၂၃၁၊ ကမ်းနားလမ်း၊ မကျည်းတန်းတောင်အနောက်ရပ်ကွက်၊**

**ကြည့်မြင်တိုင်မြို့နယ်၊ ဖုန်း-၀၉-၅၁၀၇၆၂၀၊ ၀၉-၄၂၃၇၂၈၂၂၅**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၃)ရပ်ကွက်၊ ရွှေလီလမ်း၊ အမှတ်(၃၂၂)ရှိ ဦးထွန်းရီ အမည်ပေါက် ပါမစ်မြေမှ မြေအကျယ်(၁၀x၆၀)ပေ မြေနှင့်အိမ်အား တရားဝင် ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်ခင်သန်းနှင့် ဒေါ်တင်မြိုင်တို့ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကြည်သာဟန်**

**တရားလွှတ်တော်ရှေ့နေ**

**(စဉ်-၁၅၈၈၉)**

**အမှတ်(၃၉၁)၊ တက္ကသီလာလမ်း၊ (၁၁)ရပ်ကွက်၊**

**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီး**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်စန်းစန်းရီ ၁၂/ရကန(နိုင်)၀၅၉၀၆၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၂)ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ် ၁၆၄ ဟုခေါ်တွင်သော အကျယ်အဝန်း(အလျား ပေ၂၀ x အနံ ၄၅ပေ) ရှိသော နေအိမ်ခြံမြေနှင့် ပတ်သက်၍ အမွေဆိုင်ညီအစ်ကို မောင်နှမများအား ၎င်းတို့ရသင့်သည့် အမွေဝေစုတို့ကို ခွဲဝေပေးအပ်ပြီးဖြစ်သည့်အတွက် အဆိုပါအိမ်ခြံမြေသည် ဒေါ်ခင်စန်းစန်းရီ တစ်ဦးတည်းသာလျှင် တရားဝင်ပိုင်ဆိုင်သူဖြစ်ကြောင်းနှင့် ၎င်းအိမ်ခြံမြေနှင့်ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်နှင့်မှ လုံးဝသက်ဆိုင်ခြင်းမရှိတော့ဘဲ ဒေါ်ခင်စန်းစန်းရီတစ်ဦးတည်းသာ စီမံခန့်ခွဲခွင့်ရှိသူဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်စန်းစန်းရီ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ချိုဝင်းမာ**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၆၀၉)**

**အမှတ်(၆၈)၊ မကွေးလမ်း၊ (၂၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**

**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၃၀၉၃၃၅၇**

## အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ဦးကျော်သူ ၇/ကဝန(နိုင်)၁၈၁၆၄၆နှင့် ဒေါ်ဝင်းဝင်းမော် ၁၂/ဗဟန(နိုင်) ၀၁၈၂၅၁ တို့၏ လွှဲအပ်ညွှန်ကြားချက်များအရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ဦးကျော်သူနှင့် ဒေါ်ဝင်းဝင်းမော်တို့သည် တစ်ဦးနှင့်တစ်ဦးဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိကြတော့သဖြင့် ၆-၈-၂၀၂၅ရက်တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်ကို ၎င်းတို့နှစ်ဦး၏ လွတ်လပ်သဘောဆန္ဒအရ အသိသက်သေများဖြင့် ပြုလုပ်ချုပ်ဆိုခဲ့ကြပြီးဖြစ်ပါသည်။ ထိုသို့နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်၍ နောက်နောင်တွင် တစ်ဦးနှင့်တစ်ဦး မည်သို့မျှဆက်စပ်သက်ဆိုင်ခြင်း အလျှင်းမရှိတော့ကြောင်းနှင့် အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ကိုယ်ရေးကိုယ်တာကိစ္စအဝဝတို့ကို ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်းလုံးဝမပြုလုပ်တော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်များအရ-**

**ဦးအောင်ကျော်မြင့် (LL.B) ဦးထက်ဖြိုးဝင်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၁၈၃) အထက်တန်းရှေ့နေ (စဉ်-၅၄၆၅၈)**

**အမှတ်(၄၇၈)၊ ဓမ္မာရုံလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**

**ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၀၅၁၇၈၅**

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးအောင်ကျော်ဟိန်း ၁/မကန(နိုင်)၂၄၂၅၃၈ ၏ ပတ်စ်ပို့နံပါတ်(MH-339377)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၁၅၄၇၅၆၇**

## အမည်မှန်

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ အမှတ်(၇၃၂/ခ) နေ ဦးတင်ဝင်းမောင်၏သား မောင်လှိုင်ဝင်းထွန်း၏ အမည်မှန်မှာ မောင်အောင်အောင်မော် ဖြစ်ပါသည်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/65757 Zong Shen 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ငွေငွေလွင် ၈/ရစက(နိုင်)၁၅၆၁၅၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(မုံရွာ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 49W/37649 Zaw Anbo 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဖိုးပြား ၅/မရန(နိုင်)၂၂၂၂၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(မုံရွာ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 43W/72959 Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းလဲ့ဖြူ ၂/ဘလခ(နိုင်)၀၀၄၁၈၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ကယားပြည်နယ်ရုံး**
**(လွိုင်ကော်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/48237 Dayang 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြည်ပြာလွင် ၂/လကန(နိုင်)၀၆၀၂၀၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ကယားပြည်နယ်ရုံး**
**(လွိုင်ကော်)**

## ကြော်ငြာစာ

## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃ )

## အမရပူရခရိုင်တရားရုံးတော်

## ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၂၁

**ကွယ်လွန်သူ ဦးဝင်းလွင်၏ ကျန်ရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ပြည်လုံးကျော်ကျေးရွာ အုပ်စု၊ မင်းစုကျေးရွာ ၌နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးဝင်းလွင်၏ ကျန်ရစ်သော မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ဆောက်တောဝကျေးရွာအုပ်စု၊ အကွက်အမှတ်(၅၈၀-က/တောကျောင်း)၊ဦးပိုင်အမှတ်(၂၇/၂)၊ ဧရိယာ(၀ဒသမ၅၁) ဧကရှိ လယ်မြေအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်း နှင့် ဦးမြင့်အောင်က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက် (၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆုတ် ၇ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးဝင်းလွင် ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက် (၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆုတ် ၇ ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေ ပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်း မရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဦးမြင့်အောင် ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ် လိမ့်မည် ဖြစ်သည်။

၂၀၂၅ ခုနှစ်၊ ဩဂုတ် လ ၆ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စန်းစန်းဝင်း)**
**ခရိုင်တရားသူကြီး**
**အမရပူရခရိုင်တရားရုံး**

## ကြော်ငြာစာ

## ( အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ )

## အမရပူရခရိုင်တရားရုံးတော်

## ၂၀ ၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၂၀

**ကွယ်လွန်သူ ဦးလောရီ ၏ ကျန်ရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့် အမှု**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ပြည်လုံးကျော်ကျေးရွာ အုပ်စု၊ မင်းစုကျေးရွာ ၌နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးလောရီ၏ ကျန်ရစ်သော မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ပြည်လုံးကျော်ကျေးရွာအုပ်စု၊ အကွက်အမှတ် (၅၇၈-က/မင်းစု)၊ ဦးပိုင်အမှတ်(၉၂)၊ ဧရိယာ(၀ဒသမ၈၈) ဧကရှိ လယ်မြေအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးမြင့်အောင်က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက် (၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆုတ် ၇ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည် ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးလောရီ ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွား သက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန်သင့်လျော်မည်ဟုထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက် (၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆုတ် ၇ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဦးမြင့်အောင်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည် ဖြစ်သည်။

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စန်းစန်းဝင်း)**
**ခရိုင်တရားသူကြီး**
**အမရပူရခရိုင်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/42474, Honda Wave 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်လာခင်လှ ၁၃/တခလ(နိုင်) ၀၆၃၄၁၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော် ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် SHN/4541, Honda Wave ယာဉ်လက်ဝယ်ရှိသူ အမည် ဒေါ်လာခင်လှ ၁၃/တခလ (နိုင်)၀၆၃၄၁၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/13422 Kenbo -125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကွေးကြူ ၁၃/ကခန(နိုင်) ၀၆၆၃၀၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/36567 Honda Scoopyi 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြပိုင်း ၉/ပကခ(နိုင်)၀၄၆၀၉၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## အင်္ဂလိပ်ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5G/6171 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2J/6516 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5I/5636၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7G/9519 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ် သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

## “ကြေညာစာ”

မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်၊ ၂၀၂၆ - ၂၀၂၇ ပညာသင်နှစ်အတွက် အရာရှိလောင်းဒီပလိုမာသင်တန်း အမှတ်စဉ်(၁၉)ကို ၂၀၂၆-ခုနှစ် ဇန်နဝါရီလတွင် အောက်ဖော်ပြပါအတိုင်း ဖွင့်လှစ်မည်ဖြစ်ပါသည်-

၁။ **သင်တန်းအမည်**
- (က) ကုန်သွယ်ရေကြောင်းအရာရှိလောင်းသင်တန်း (CD/53)
- ( ခ ) ကုန်သွယ်ရေကြောင်းအင်ဂျင်နီယာအရာရှိလောင်းသင်တန်း(CE/51)
- ( ဂ ) ကုန်သွယ်ရေကြောင်းလျှပ်စစ်နည်းပညာအရာရှိလောင်းသင်တန်း(CME/06)

၂။ **ပေးအပ်မည့်ဒီပလိုမာ**
- (က) ရေကြောင်းပညာဒီပလိုမာ (Diploma in Nautical Studies)
- ( ခ ) ရေကြောင်းနည်းပညာဒီပလိုမာ (Diploma in Maritime Technology)
- ( ဂ ) ရေကြောင်းလျှပ်စစ်နည်းပညာဒီပလိုမာ (Diploma in Marine Electrical Technology)

၃။ **သင်တန်းဝင်ခွင့် အရည်အချင်း**
- (က) ကုန်သွယ်ရေကြောင်းအရာရှိလောင်းသင်တန်းနှင့် ကုန်သွယ်ရေကြောင်း အင်ဂျင်နီယာ အရာရှိလောင်းသင်တန်းများအတွက် KG+12 စာမေးပွဲတွင် ရူပဗေဒ၊ ဓာတုဗေဒ ဘာသာရပ်များပါဝင်သော (သိပ္ပံ/ဝိပ္ပံ) ဘာသာတွဲဖြင့် အောင်မြင်ပြီး၊ စုစုပေါင်းအမှတ် အနည်းဆုံး ၄၀၀ ရှိရမည်။ ကုန်သွယ်ရေကြောင်း လျှပ်စစ်နည်းပညာ အရာရှိလောင်း သင်တန်းများအတွက် KG+ 12 စာမေးပွဲတွင် ရူပဗေဒ၊ ဓာတုဗေဒ ဘာသာရပ်များ ပါဝင်သော (သိပ္ပံ/ဝိပ္ပံ) ဘာသာတွဲဖြင့် အောင်မြင်ပြီး၊ စုစုပေါင်းအမှတ် အနည်းဆုံး ၃၉၀ ရှိရမည်။
- ( ခ ) ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်တွင် အသက် ၂၀ နှစ်ထက် မကျော်လွန်စေရ။

၄။ **သင်တန်းကာလ** ၂ နှစ်

၅။ **လက်ခံမည့် သင်တန်းသားဦးရေ**

| | | |
|---|---|---|
| (က) | ကုန်သွယ်ရေကြောင်းအရာရှိလောင်းသင်တန်း | ၁၄၀ ဦး |
| ( ခ ) | ကုန်သွယ်ရေကြောင်းအင်ဂျင်နီယာအရာရှိလောင်းသင်တန်း | ၁၄၀ ဦး |
| ( ဂ ) | ရေကြောင်းလျှပ်စစ်နည်းပညာအရာရှိလောင်းသင်တန်း | ၄၀ ဦး |

၆။ **လျှောက်လွှာ လက်ခံမည့်ရက်** - ၁၁-၈-၂၀၂၅ မှ ၁၀-၁၀-၂၀၂၅ ထိ။

**မှတ်ချက်။**
- (က) သင်တန်းဝင်ခွင့်ကို လူတွေ့စစ်ဆေးရွေးချယ်မည်ဖြစ်ပါသည်။
- (ခ) အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်၊ မော်ကွန်းထိန်းရုံး (ဖုန်း၊ ၀၉-၄၀၃၇၃၇၉၇၀)၊ သင်တန်းဌာန (ဖုန်း၊၀၉-၄၂၀၁၂၄၄၂၅)သို့ ဆက်သွယ်မေးမြန်းရန်နှင့် Website www.mmmc.edu.mm နှင့် မြန်မာနိုင်ငံကုန်သွယ်ရေကြောင်း ကောလိပ်- MMMC Facebook Page တို့တွင်လည်း ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်**

## ပတ်စ်ပို့ပျောက်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ချမ်းမြေ့အောင်စည် ရပ်ကွက်၊ နယ်မြေ(၃)နေ (ဘ) လာန်ဇခင်း၏ သား ဦးခုပ်လမ့်ပေါင် ၄/တဇန(နိုင်)၀၁၂၈၆၉၏ နိုင်ငံကူး လက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၄၁၉၄၄၈၇၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1D/2630 Toyota Brevis JCG11, Saloon ယာဉ်လက်ဝယ်ရှိသူ ဦးတင်မောင်သိန်း ၈/ခမန(နိုင်)၁၂၁၀၃၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 59W/71040 Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သင်းသင်းအေး ၉/မတရ(နိုင်)၁၁၃၀၀၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## အမည်မှန်

သထုံမြို့နယ်၊ သုဝဏ္ဏဝတီမြို့၊ ဝင်းပ ကျေးရွာအုပ်စု၊ ဒသည်းကုန်း ရပ်ကွက်နေ (ဘ)ဦးဇင်မောင်ထွန်း ၏သား သထုံမြို့နယ်၊ သုဝဏ္ဏဝတီမြို့၊ အလက(ဝင်းပ) Grade-3မှ မောင်ဝင်းထက်ထက်လင်း ၏ အမည်မှန်မှာ မောင်ထက်ဝေယံလင်း ဖြစ်ပါကြောင်း။

**မောင်ထက်ဝေယံလင်း**

## ပတ်စ်ပို့ပျောက်

ထောက်ကြန့်၊ လမ်းသစ်လမ်းနေ (ဘ) ဦးတင်ဝင်း၏သား ဦးဖြိုးလင်းအောင် ၇/ပမန(နိုင်) ၁၆၃၄၉၇၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၅၇၈၅၆၅၃၆**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊အမှတ်၁၂၄၊(၇)ရပ်ကွက်၊ ဆိပ်ကမ်းသာလမ်း၊ကျောက်တံတားမြို့နယ်နေ ကျွန်ုပ်၏အမှုသည် ဦးဝင်းနိုင် ၁၂/ကတတ(နိုင်)၀၂၁၃၂၂၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါ အတိုင်း ကြေညာအပ်ပါသည်။ ကျွန်ုပ်၏အမှုသည် ဦးဝင်းနိုင်ထံမှ မသန္တာလင်း ၁၂/ပဘတ(နိုင်)၀၂၆၀၉၁နှင့် ကိုအောင်ခိုင်သန်း ၅/ရဥန(နိုင်)၀၈၀၀၉၇ အမှတ်၂၅၊ ၃ လွှာ၊ ၂၈လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့နေသူတို့က ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ်၊ ကလီတော်အနောက်ရပ်ကွက်၊ ကျောက်က္ကဒင်ကွင်း၊ ရေက္ကဒင်လမ်းမကြီး၊ အမှတ်(A-8) ဟုခေါ်တွင်သော မြေကွက်၏ ၂၁-၉-၂၀၂၁ ရက်စွဲပါ နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ်စာချုပ် မူရင်းနှင့် မြိတ်မြို့၊ ငွေပုလဲရပ်ကွက်၊ မြေကွက်အမှတ် ၁၆၀ နှင့် မြိတ်မြို့၊ ငွေပုလဲရပ်ကွက်၊ မြေကွက်အမှတ် ၁၁၉ တို့၏ (၁-၇-၂၀၀၃) ရက်စွဲပါ မြိတ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ယာယီအိမ်ရာမြေချထားပေးခြင်း စာရွက်မူရင်းများနှင့် ၂၁-၄-၈၅ ရက်စွဲပါ လျှောက်ထားသူအမည် ဒေါ်ခင်ဌေးလွင်အမည်ဖြင့် ထုတ်ပေးထားသော မြိတ်မြို့၊ ကလွင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်-၂၄၆/၇၅၇၊ ပလပ်ရှောင် မြောက်ကွင်း၊ ဦးပိုင်အမှတ် ၃၉၊ ဧရိယာ (၇ဒသမ၄၈)ဧက၏ မြေပုံမြေရာဇဝင်မူရင်းများနှင့် ဦးဝင်းနိုင်၏ မိခင်ဖြစ်သူ ဒေါ်ခင်ဌေးလွင်၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် ဦးဝင်းနိုင် မိသားစု သန်းခေါင်စာရင်းမူရင်းတို့အား ရုံးဌာနဆိုင်ရာကိစ္စများ ဆောင်ရွက်ပေးမည်ဟုဆိုကာ ယူဆောင်သွားကြပြီး ယခုအခါတွင် ၎င်းတို့နှင့်မည်သို့မျှ ဆက်သွယ်၍လည်းမရ၊ စာရွက်စာတမ်း မူရင်းများလည်း ပြန်လည်၍ မရရှိဘဲ ဖြစ်နေပါသည်။ ထို့ကြောင့် မသန္တာလင်းနှင့် ကိုအောင်ခိုင်သန်းတို့ နှစ်ဦးမှ ဦးဝင်းနိုင်ထံမှ ယူဆောင်သွားကြသည့် အထက်ဖော်ပြပါ စာရွက်စာတမ်း မူရင်းများကို (၇) ရက်အတွင်း ပြန်လည် ပေးအပ်ရန်နှင့် ပြန်လည်ပေးအပ်ခြင်းမရှိပါက ဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် အထက်ပါစာရွက်စာတမ်းများနှင့်သက်ဆိုင်သည့် မြေကွက်များအား မည်သူ့ကိုမျှ ပေါင်နှံ၊ ရောင်းချခွင့်၊ လွှဲပြောင်းခွင့်မပြုကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးဝင်းနိုင်** | **ဦးကျော်ထက်အောင်(LL.B.DML.DIPL.DBL)** |
| **၁၂/ကတတ(နိုင်)၀၂၁၃၂၂** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၂၁၅/၄-၁၀-၂၀၂၁)** |
| | **အမှတ်(၃၃/၄၉)၊ပ-ထပ်၊အခန်း(၃၃)၊STRAND** |
| | **CONDO မဟာဗန္ဓုလပန်းခြံလမ်း၊** |
| | **ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၉-၇၉၉၉၀၀၄၁၂** |

## ပတ်စ်ပို့ပျောက်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ချမ်းမြေ့အောင်စည် ရပ်ကွက်၊ နယ်မြေ(၃)နေ (ဘ) ဦးကျင့်ခင်းဟန်၏သမီး ဒေါ်မန်းခန့်ဒိမ် ၄/တဇန(နိုင်)၀၁၃၂၄၉၏ နိုင်ငံကူးလက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။

**ဖုန်း-၀၉-၉၄၁၉၄၄၈၇၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် SHN/38039, Honda Scoopyi 110 ၊ ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထွန်း ၁၃/တခလ (နိုင်)၁၉၃၄၆၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၃၅လမ်း၊ ၇၃x၇၄ကြားနေ ဦးမင်းမင်းထိုက် (ဘ) ဦးမောင်ဌေး ၉/မဟမ(နိုင်)၀၅၆၆၃၆၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်သည်မှာ -

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၇)၊အနီးစခန်းဈေးကုန်းရှိ ကွင်းအမှတ် (၆၆၀)၊ ဦးပိုင်အမှတ် (၆၄/၃)၊ မြေဧရိယာ (၉၀ဒသမ၀၀) ဧကထဲမှခွဲ၍ အကျယ်အဝန်း (၃၅x၄၀) ပေရှိ အရှေ့ - ဦးပြည့်ဖြိုးလတ်အိမ်၊ အနောက်-ဦးဖြူကြီး အိမ်၊ တောင်ဘက်- ဒေါ်စန္ဒာလင်း အိမ်၊ မြောက်ဘက် (၁၄) ပေလမ်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို (၁) ဦးအောင်ငွေ (ဘ) ဦးပေါ ၉/မမန(နိုင်)၁၄၅၇၉၆၊ (၂) ဒေါ်ခင်ရွှေ (ဘ) ဦးပေါအုပ် ၉/မမန (နိုင်) ၁၄၅၇၉၇ ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူမှ ဝယ်ယူပြီးလက်ရောက် ရယူနေထိုင်လျက်ရှိပါသည်။

အထက်ဖော်ပြပါ ခြံမြေနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထား အခိုင်အမာမူရင်းများပြသ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ ဆောင်ရွက်ရန်ရှိသည့် ကိစ္စရပ်တို့ကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေလင်းအောင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၉၆၆)**
**အိမ်အမှတ် (၅/ ၂၆၅)၊ ပြည်တော်သာ (၃) လမ်း၊ ရပ်ကွက်ကြီး(၅)၊**
**ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉-၂၀၄၆၇၃၉ ၊ ၀၉-၇၈၂၀၄၆၇၃၉**

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ အကွက်အမှတ် (၅၇၂)၊ ဦးပိုင်အမှတ် ယခင် (၄၁/ဈ) ယခု (၄၁/ဠ) ဧရိယာ ၀ ဒသမ ၀၉၄၀ ဧကကျယ်ဝန်းရှိ (ဦးဘသော်) ကွယ်လွန်သူ အမည်ပေါက်ဘိုးဘပိုင်မြေကွက်နှင့် ပတ်သက်၍ ကျန်ရစ်သူ သား/သမီးများ ဖြစ်ကြသော ဦးသန်းလွင်၊ ဒေါ်တင်တင်အေး၊ ဦးမောင်မောင်၊ဦးမောင်မောင်လေး၊ ဒေါ်ခင်စန်းမြင့်၊ ဦးထင်အောင်နှင့် ဒေါ်ကွန်းကြည် ၏ ခင်ပွန်းဖြစ်သူ ဦးမောင်မောင် (ကွယ်လွန်)တို့မှ မြန်မာဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အမွေဆက်ခံ၍ မန္တလေးမြို့တော် စာချုပ်စာတမ်း မှတ်ပုံတင်ဌာနမှူးရုံးတွင် တရားဝင်အမွေဆက်ခံပိုင်ဆိုင်သည့်ပစ္စည်းရပ်များဖြစ်ပါသည်။

အထက်ဖော်ပြပါ ဘိုးဘပိုင်မြေကွက်နှင့် မြေကွက်ပေါ်ရှိ ပိုင်ဆိုင်ခွင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးနှင့် ပတ်သက်၍ အမွေဆိုင်တစ်ဦးဖြစ်သူ ဒေါ်ကွန်းကြည်၏ သဘောတူခွင့်ပြုခြင်းမရှိဘဲ တစ်ခြားသူများသို့ ပေါင်နှံရောင်းချခြင်း၊ တစ်နည်းနည်းဖြင့်လွှဲပြောင်းထားခြင်း၊ လုံးဝမပြုလုပ်ပါရန်နှင့် ပြုလုပ်ခဲ့ပါက သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ကွန်းကြည်**
**၁၂/သကတ(နိုင်)၀၃၉၂၄၄**
**တ/ရ/အမှတ် (၁၉) (၁၁၀x၁၁၁) ကြား ၊ ချမ်းသာစည်မြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၂၀၁၁၀၂၄**

## ဖခင်အမည်မှန်

ပျဉ်းမနားမြို့နယ်၊ ကောင်းကင်ကြယ် ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 မှ မောင်အောင်သူရထွန်း၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဆန်း ၈/မမန(နိုင်)၁၃၀၉၄၈ ဖြစ်ပါကြောင်း။

ဦးမြင့်ဆန်း

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဝယ/၄၆၈၆ ယာဉ်လက်ဝယ်ရှိသူ ဦးအာကာကျော် ၁၀/မလမ(နိုင်)၃၀၂၅၃၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါ သည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
မော်လမြိုင်မြို့

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာ ဦးထွန်းအေးဖေ
## အသက်(၈၆)နှစ်

ပြည်ကြီးခင်အသင်း၊ အလုပ်အမှုဆောင်အဖွဲ့၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ ဒေါက်တာ ဦးထွန်းအေးဖေ (ဘ)ဦးချစ်ဖေ အသက်(၈၆)နှစ်သည် ၇-၈-၂၀၂၅ ရက် (ကြာသပတေးနေ့)ညနေ ၅:၁၅နာရီတွင် (၉၆)ပါး သောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသောကြောင့် ကျန်ရစ်သူမိသားစုဝင်များနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပြည်ကြီးခင်အသင်း

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2I/8624 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ တွဲဖက်ပြည်နယ်ရုံး(လားရှိုး)

## ဝမ်းနည်းကြေကွဲခြင်း
## ယာယီသမ္မတ ဦးမြင့်ဆွေ
## အသက်(၇၅)နှစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ရက် (ကြာသပတေးနေ့) နံနက် ၈နာရီ ၂၈ မိနစ်တွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ

## ဝမ်းနည်းကြေကွဲခြင်း
## ယာယီသမ္မတ ဦးမြင့်ဆွေ
## အသက်(၇၅)နှစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေ သည် ၇-၈-၂၀၂၅ရက်နေ့ နံနက် ၈ နာရီ ၂၈မိနစ်တွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံ အမျိုးသမီးများနှင့်ကလေးသူငယ်များ
ဘဝမြှင့်တင်ရေးအသင်း
(MWCDF)

## ဝမ်းနည်းကြေကွဲခြင်း
## ယာယီသမ္မတ ဦးမြင့်ဆွေ
## အသက်(၇၅)နှစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေ သည် ၇-၈-၂၀၂၅ ရက် (ကြာသပတေးနေ့) နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ် (၂)တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) နေပြည်တော်၌ ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးတင်ဖေ နှင့် ဒေါ်သန်းသန်းဌေး(မိသားစု)

## ဝမ်းနည်းကြေကွဲခြင်း
## ယာယီသမ္မတ ဦးမြင့်ဆွေ
## အသက်(၇၅)နှစ်

ဘဘ ဦးမြင့်ဆွေ (ယာယီသမ္မတ) ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းရပါသည်။ မြင့်မြတ်ရာဘုံဘဝသို့ ရောက်ရှိစံစားနိုင်ပါစေ။

ကြေကွဲဝမ်းနည်းစွာဖြင့်
ဦးဝင်းဌေး၊ ဒေါ်ခင်စန်းမြင့်
သမီး မစုမွန်အေး၊ မလေးသန္တာစိုး၊ မဆွေဇင်ဖြိုး

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာ

Lionchem Pte.,Ltd မှ ထုတ်လုပ်ပြီး Sunrise Agri-Science Co.,Ltd မှ ဖြန့်ဖြူးရောင်းချသော အောက်ဖော်ပြပါ စိုက်ပျိုးရေးသုံး ပိုးသတ်ဆေးအားယခင်အသုံးပြုခဲ့သော ထုတ်ကုန်အမည်မှအောက်ဖော်ပြပါအတိုင်း ပြောင်းလဲ၍ ဖြန့်ဖြူးရောင်းချမည်ဖြစ်ပါသည်။ ကန့်ကွက်ရန်ရှိပါက မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့သို့ ကြော်ငြာပါသည့်ရက်မှစပြီး (၁၄) ရက်အတွင်း ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

| စဉ် | ယခင်အမည် | ပြောင်းလဲလိုသည့်အမည် | မှတ်ပုံတင်အမှတ် |
|---|---|---|---|
| ၁။ | Emacarb 150 EC | Binova | P2023-5510 |

**Sunrise Agri-Science Co., ltd**
**အမှတ်(၆၄)၊ ရတနာလမ်း၊ ကမာရွတ်(၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်၊ ဖုန်း-၀၉-၇၈၉၅၀၅၃၆၃**

## ကိုမျိုးသန့်(ခ)ဘိုသန့်
## အသက် (၄၂)နှစ်

